# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၁၈၆)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူး သင်တန်းသားများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများအား တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ရှိ အောင်ဆန်းခန်းမ၌ တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ရသည့်မတိုင်မီနှင့် ယနေ့ နိုင်ငံအတွင်း


*စာမျက်နှာ ၃ ကော်လံ ၁* ❂



**ယနေ့** *ဖတ် စ ရာ*

မှန်ကန်သည့်လမ်းကို ရွေးချယ်ကြပါစို့

ဆောင်းပါး | စာ ၁၆

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ပဲမျိုးစုံသီးနှံ ဧက ၇၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

ပြည်တွင်းသတင်း | စာ ၁၇


## ထူးခြားသည့် နေ့အပူချိန်များ

၂-၄-၂၀၂၄

| | | | |
|---|---|---|---|
| ချောက်မြို့ | ၄၄ ဒီဂရီဆဲလ်စီးယပ် | မကွေးမြို့ | ၄၂ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူးမြို့ | ၄၃ ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီးမြို့ | ၄၂ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံမြို့ | ၄၂ ဒီဂရီဆဲလ်စီးယပ် | ဆင်ဖြူကျွန်းမြို့ | ၄၂ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၄၂ ဒီဂရီဆဲလ်စီးယပ် | ပြည်မြို့ | ၄၂ ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ ဒီဂရီဆဲလ်စီးယပ် | | |

(လေကြောင်းမိုးလေဝသ) မိုး/ဇလ

# စစ်ဘက်ခေါင်းဆောင်တစ်ဦးအနေဖြင့် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံရန်လို၊ ကျောသားရင်သားမခွဲခြားဘဲ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်ထားရှိမှုကို အခြေအနေအချိန်အခါနှင့် နေရာဒေသအလိုက်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များ တပ်မတော်(ကြည်း) တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသားစားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်စဉ်။

❂ *ရွှေဖုံးမှ*

ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် လူမှုရေးအခြေအနေများ၊ ကမ္ဘာနှင့်အဝန်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးပဋိပက္ခနှင့် တင်းမာမှုအခြေအနေများ၊ သစ္စာ ၄ ချက် နေ့စဉ်ရွတ်ဆိုကြရသည့် တပ်မတော်သားအားလုံး တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအား တိုးမြှင့်ရန် လိုအပ်မှုအခြေအနေများနှင့် တိုက်ပွဲစွမ်းရည်တိုးတက်မှုရှိစေရေး စစ်သင်တန်းကျောင်းများတွင် စစ်ပညာရပ်များအားကြိုးစား၍ လေ့လာ၊ လေ့ကျင့်ရန်နှင့် စစ်မြေပြင်တွင် လိုက်နာအကောင်အထည်ဖော်ရန် လိုအပ်မှုအခြေအနေများ၊ ရန်သူကျင့်သုံးနေသည့် စစ်နည်းဗျူဟာများကို သင်ခန်းစာဖော်ထုတ်၍ တန်ပြန်စစ်ဆင်ရေးဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ တစ်ဦးချင်းကိုယ်စီ တိုက်ပွဲစွမ်းရည်တိုးတက်မှသာ အဖွဲ့လိုက်မှစ၍ အဆင့်ဆင့်တိုးတက်လာမည့် အခြေအနေများ၊ တစ်ဦးချင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ရေးမှစ၍ စစ်မြေပြင်တွင် တိကျစွာလိုက်နာအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာ ရရှိလာမည့် တိုက်ပွဲစွမ်းရည်များကို ပိုမိုထိရောက်အောင်မြင်အောင်၊ ရှိပြီးတိုက်ပွဲစွမ်းအားနှင့် ပေါင်းစပ်အသုံးပြုတတ်ရန် လိုအပ်မှုအခြေအနေများ၊ တိုက်ပွဲစွမ်းရည်နှင့်တိုက်ပွဲစွမ်းအား ဟန်ချက်ညီပေါင်းစပ်ဆောင်ရွက်တတ်မှသာ တိုက်ပွဲအောင်မြင်မည့်အခြေအနေ၊ တစ်ဦးချင်း မိမိဆန္ဒအလျောက် တပ်မတော်သို့ ဝင်ရောက်လာသူများဖြစ်ကြသူများပီပီ မိမိသည် မည်သည့်အတွက် တပ်မတော်သို့ ဝင်ရောက်လာခဲ့သည်ကို အမြဲမပြတ်ဆင်ခြင်ရန် လိုအပ်မှုနှင့် တရားသဖြင့်ပေးအပ်သည့်တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မှုအခြေအနေများ။

**တစ်ဖက်တစ်လမ်းမှကူညီဆောင်ရွက်ပေး**

စစ်ဘက်ခေါင်းဆောင် တစ်ဦးအနေဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ် ၁၆ ရပ်နှင့်အညီ ကျင့်ကြံရန် လိုအပ်မှု၊ ကျောသားရင်သားမခွဲခြားဘဲ တပ်မှူးကောင်းသဖွယ်စိတ်ဓာတ်နှင့် မိဘသဖွယ်စိတ်ဓာတ်ထားရှိမှုကို အခြေအနေအချိန်အခါနှင့် နေရာဒေသအလိုက် ဆောင်ရွက်တတ်ရန်လိုအပ်မှု၊ တပ်တိုင်း၊ ရဲဘော်တိုင်းရှိရမည့် အခြေခံအရည်အချင်း ၅ ပါး ပြည့်စုံရန်လိုအပ်မှုနှင့် တပ်မတော်၏ အစဉ်အလာ ၁၂ ရပ်ကို ဆက်လက်ထိန်းသိမ်းလိုက်နာရန် လိုအပ်မှုများကို အကျယ်တဝင့် ဆွေးနွေးပြောကြားပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်နှင့် ၁၃ ရက်တို့တွင် လိုအပ်ချက်အရ ဒို့တာဝန်အရေး ၃ ပါးအား ကာကွယ်စောင့်ရှောက်ရန်နှင့် နိုင်ငံအတွင်းနှင့် ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံရှိပဋိပက္ခနှင့် တင်းမာမှုအခြေအနေများအပေါ် မူတည်၍ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၄ ရက်တွင် ဥပဒေရေးသားပြီး အတည်မပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အရန်တပ်ဖွဲ့ဥပဒေတို့နှင့် ပတ်သက်၍ အာဏာတည်သက်ဝင်စေမှုအခြေအနေနှင့် အဆိုပါဥပဒေများကို ကျေညက်အောင် လေ့လာမှတ်သား၍ တာဝန်ကျရာဒေသအသီးသီးတွင် ရှိကြချိန်တွင် သတ်မှတ်ချက်အကျုံးဝင်သူပုဂ္ဂိုလ်များနှင့် ဆက်နွယ်ကြသည့် မိသားစုဆွေမျိုးအသိုင်းအဝိုင်းပါ သိရှိနားလည်သဘောပေါက်အောင်အသိပေးရန် လိုအပ်မှုအခြေအနေ၊ ထိုသို့ ဆောင်ရွက်ပေးခြင်းသည်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့် ရေဒီယိုအစီအစဉ်များအပါအဝင် သတင်းစာများမှတစ်ဆင့် အသိပေးအကြောင်းကြားနေသော်လည်း ဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးကြောင့် မလေ့လာ၊ မသိရှိ၍ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်း အသီးသီးတို့၏ မမှန်မကန်လှုံ့ဆော်ဝါဒဖြန့်စည်းရုံးမှုအပေါ် ဥပဒေမဲ့လိုက်ပါလုပ်ဆောင်ခဲ့မိပါက မိမိကိုယ်ပိုင်ဘဝ၊ မိသားစုဘဝတို့သည်လည်း အကြောင်းမဲ့ တောထဲ၊ တောင်ထဲတွင် စတေးခံကြရမည့်အဖြစ်ဆိုးများမှလည်း ကယ်တင်နိုင်မည်ဖြစ်၍ အသိနှင့်ယှဉ်ပြီး ပြောဆိုစည်းရုံးကြရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေတို့ကို မသိနားမလည်သူများအပေါ် ဥပဒေနှင့်မညီသော ခြိမ်းခြောက်အကျပ်ကိုင်မှုမှတစ်ဆင့် ငွေကြေးနှင့် အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူ အကျင့်ပျက် ဝန်ထမ်းအချို့နှင့်အဖွဲ့အစည်းအချို့ပါ ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးကြရန် လိုကြောင်း ပြောကြားသည်။

**အပြန်အလှန်ဆွေးနွေး**

ယင်းနောက် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေး အရာရှိချုပ်၊ လေကြောင်းရန် ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူးတို့က သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် နည်းပြများအား လိုအပ်သည့်သင်ခန်းစာများကို ဆွေးနွေးကြရာ သင်တန်းသားအရာရှိများ၊ ဗိုလ်လောင်းများနှင့် နည်းပြအရာရှိများကလည်း မရှင်းလင်းသည့်အချက်များနှင့် သိရှိလိုသည်များ မေးမြန်းမှုများအပေါ် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**နေ့လယ်စာကို အတူတကွ သုံးဆောင်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း)တိုက်ခိုက်ရေးကျောင်း(ဗထူး)ရှိ သင်တန်းသား စားရိပ်သာ၌ သင်တန်းသားများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❐ **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများ၊ ရုပ်သံလွှင့်နှင့် ရေဒီယိုအစီအစဉ်များအပါအဝင် သတင်းစာများမှတစ်ဆင့် အသိပေးအကြောင်းကြားနေသော်လည်း ဥပဒေနှင့်နည်းဥပဒေပါ အချက်အလက်များကို အကြောင်းအမျိုးမျိုးကြောင့် မလေ့လာ၊ မသိရှိ၍ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းအသီးသီးတို့၏ မမှန်မကန်လှုံ့ဆော်ဝါဒဖြန့်စည်းရုံးမှုအပေါ် ဥပဒေမဲ့လိုက်ပါလုပ်ဆောင်ခဲ့မိပါက မိမိကိုယ်ပိုင်ဘဝ၊ မိသားစုဘဝတို့သည်လည်း အကြောင်းမဲ့ တောထဲ၊ တောင်ထဲတွင် စတေးခံကြရမည့်အဖြစ်ဆိုးများမှလည်း ကယ်တင်နိုင်မည်ဖြစ်၍ အသိနှင့်ယှဉ်ပြီး ပြောဆိုစည်းရုံးကြရန် တိုက်တွန်းလို**

❐ **ထို့အပြင် ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် နည်းဥပဒေတို့ကို မသိနားမလည်သူများအပေါ် ဥပဒေနှင့်မညီသော ခြိမ်းခြောက်အကျပ်ကိုင်မှုမှတစ်ဆင့် ငွေကြေးနှင့် အခြားအခွင့်အရေးများ ရယူအမြတ်ထုတ်လိုသည့် အောက်ခြေမသမာသူ အကျင့်ပျက် ဝန်ထမ်းအချို့နှင့်အဖွဲ့အစည်းအချို့ပါ ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂ – ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြား

# ဗဟိုအဖွဲ့အနေဖြင့် ပထမဦးဆုံး ဖွင့်လှစ်မည့်သင်တန်းကို ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ဖွင့်လှစ်ရန် ပြင်ဆင်သတ်မှတ်ခဲ့ပြီး သတ်မှတ်ရက်အတိုင်းဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အတွင်းရေးမှူး စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။

**လုပ်ငန်းစဉ်များ ချမှတ်ပေး**

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ အစည်းအဝေး ၅ ကြိမ် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် လုပ်ငန်းအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်း တာဝန်ပေးအပ်ပြီး ရည်မှန်းချက် တာဝန်များပြီးမြောက်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြေပြင်တွင် လက်တွေ့ဆောင်ရွက်နေကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများက တွေ့ကြုံနေသည့် အခက်အခဲများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး လုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းတင်ပြခဲ့မှုအပေါ် ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့ပါကြောင်း။

**နည်းဥပဒေထုတ်ပြန်**

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေရေးဆွဲထားရှိမှုကို ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် အကြံပြုချက်များမှ ပြင်ဆင်သင့်သည်များ၊ ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်၍ အပြီးသတ်ရေးဆွဲထားသည့် နည်းဥပဒေ(မူကြမ်း)အား ရေးထုံးရေးနည်းစိစစ်ရန်နှင့် ဥပဒေကြောင်းအရ သဘောထား ပြန်ကြားပေးရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနမှ ရေးထုံးများစိစစ်ပြီး အကြံပြုချက်များ ပေးပို့လာပါက အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်၍ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့တင်ပြ၍ အတည်ပြုချက်ရယူပြီး နည်းဥပဒေ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**စိုးရိမ်စိတ်ကို လျော့ကျစေမည်**

ဗဟိုအဖွဲ့အနေဖြင့် ပထမဦးဆုံး ဖွင့်လှစ်မည့်သင်တန်းကို ၂၀၂၄ ခုနှစ်၊ ဧပြီလအတွင်း ဖွင့်လှစ်ရန် ပြင်ဆင်သတ်မှတ်ခဲ့ပြီး သတ်မှတ်ရက်အတိုင်း ဖွင့်လှစ်နိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များအား ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တို့၏ အစီအစဉ်ဖြင့် ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှလည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ သတင်းများ၊ TV Spot၊ ဆောင်းပါးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ပြည်သူသို့ အသိပေးပြောကြားချက်များ စသည်ဖြင့် ထုတ်လွှင့်ပေးခဲ့ပြီး နိုင်ငံပိုင်နေ့စဉ်ထုတ်သတင်းစာများမှလည်း ပြည်သူ့စစ်မှုထမ်းဆိုင်ရာ ဆောင်းပါးများ၊ ကဗျာများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး ဖော်ပြပေးလျက်ရှိပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည့် ဆောင်းပါးများကိုလည်း အများပြည်သူ ကြည့်ရှုနိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန Webportal တွင် တင်ပေးထားပါကြောင်း၊ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှား ဖြစ်စေမည့် ကောလာဟလသတင်းများ၊ သတင်းတုသတင်းမှားများ မဖြစ်စေရေးနှင့် ပြည်သူလူထုအတွင်း သတင်းမှန်များ အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ အချက်အလက်များအား ဆက်သွယ်ရေး Mobile Operator ၄ ခုမှ တစ်ဆင့် Short Message Service (SMS)များ ပေးပို့လျက်ရှိပါကြောင်း၊ ဥပဒေပါ ကင်းလွတ်ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များအပြင် ဗဟိုအဖွဲ့ အစီအစဉ်ဖြင့် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့်၊ ပေါ့လျော့ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များကို ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ဖြန့်ဝေပေးထားသဖြင့် နိုင်ငံ့ဝန်ထမ်းများကို အသိပညာပေးဟောပြောခြင်း၊ ပြည်သူများသို့ ထပ်ဆင့်ရှင်းလင်းခြင်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ပြီး ပြည်သူများ၏ စိုးရိမ်စိတ်ကို လျော့ကျစေမည်ဖြစ်ပါကြောင်း။

**အလေးအနက်ထားဖြေကြားပေး**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များကို ပြည်သူများမှ သိရှိလိုသည်များ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းများဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ဆိုင်သော စုံစမ်းမေးမြန်းနိုင်သည့် တယ်လီဖုန်းများ တပ်ဆင်ပေးထားပြီး ဖုန်းနံပါတ်များကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း၊ စုံစမ်းမေးမြန်းနိုင်သည့် ဖုန်းများ တပ်ဆင်ပြီးချိန်မှစ၍ ပြည်သူလူထုက စိတ်ပါဝင်စားစွာ စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ပြည်သူလူထု၏ စုံစမ်းမေးမြန်းမှု၊ သတင်းပေးပို့ဆောင်ရွက်ချက်များအပေါ် အလေးအနက်ထား ဖြေကြားဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

**စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်း**

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် စာရင်းဇယားများပြုစုရာ၌ စနစ်တကျဖြစ်စေရေးနှင့် SOP တွင်သတ်မှတ်ပေးထားသည့် ပုံစံများ ဖြည့်သွင်းရာတွင် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုအဖွဲ့မှ Excle Format များ ရေးဆွဲ၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ ဖြန့်ဝေပေးထားပြီး ဖြည့်သွင်းမည့်အချက်များအား နည်းစနစ်မှန်ကန်စွာ ဖြည့်သွင်းနိုင်ရန် Online မှ သင်တန်းပို့ချပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း မြို့နယ်အဖွဲ့များအထိ ဆင့်ပွားသင်တန်းများပို့ချသွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ အချက်အလက်များကို စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းထားနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး စာရင်းကောက်ယူခြင်း၊ ဆေးစစ်ခြင်းနှင့် အကျုံးဝင်သူများကို ဆင့်ခေါ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ပေးပို့လာသည့် စာရင်းများတွင် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူ များစွာပါဝင်သည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း ဆန္ဒပြုသူများအနေဖြင့်

*စာမျက်နှာ ၅ သို့*



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄) တွင် အမှာစကားပြောကြားစဉ်။

- **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူခြင်း၊ ဆေးစစ်ခြင်းနှင့် အကျုံးဝင်သူများကို ဆင့်ခေါ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ပေးပို့လာသည့် စာရင်းများတွင် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူများစွာ ပါဝင်သည်ကို တွေ့ရ**
- **သို့သော်လည်း ဆန္ဒပြုသူများအနေဖြင့် အမှန်တကယ်ဆန္ဒပြုသူများဖြစ်ရန် လိုအပ်ပြီး အတင်းအကျပ် ဆန္ဒပြုစေခြင်းမျိုး မရှိစေရေး အောက်ခြေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရပ်/ကျေးအဆင့်တာဝန်ရှိသူများအား သေချာစွာ ကြပ်မတ်လမ်းညွှန်ရန်လို**

# မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး



ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များအား တွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၂**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရေဝတီခန်းမ၌ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များအား တွေ့ဆုံ၍လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

**အပြည့်အဝပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိ**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်း စာနာထောက်ထားမှုများနှင့် ပတ်သက်၍ လိုအပ်သူများထံ အကူအညီများ အမှန်တကယ်ရောက်ရှိရေးကို များစွာအလေးထားကြောင်း၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အစီအစဉ်သို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂ ယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံရှိ ကုလသမဂ္ဂအေဂျင်စီများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

*စာမျက်နှာ ၄ မှ*

အမှန်တကယ် ဆန္ဒပြုသူများဖြစ်ရန် လိုအပ်ပြီး အတင်းအကျပ် ဆန္ဒပြုစေခြင်းမျိုး မရှိစေရေး အောက်ခြေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရပ်/ကျေးအဆင့် တာဝန်ရှိသူများအား သေချာစွာ ကြပ်မတ်လမ်းညွှန်ရန် လိုအပ်ပါကြောင်း။

**သတင်းတု၊ သတင်းမှားများဖြန့်ဝေ**

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ဆောင်ရွက်နေမှုအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက လူမှုကွန်ရက်များတွင် သတင်းတု၊ သတင်းမှားများ ဖြန့်ဝေခြင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများအား ခြိမ်းခြောက်မှုများ ဆောင်ရွက်နေသည်ကို တွေ့ရှိနေရပါကြောင်း၊ သတင်းတု၊ သတင်းမှားဖြန့်ဝေသူများ၊ ခြိမ်းခြောက်သူများအား ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုမှ သတင်းပေးလာမှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများက သတင်းအဖြစ်သာထားရှိခြင်းမပြုဘဲ အဆင့်ဆင့် ဖော်ထုတ် အရေးယူဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း၊ သို့မှသာ သတင်းတု၊ သတင်းမှား ဖြန့်ဝေခြင်းနှင့် ခြိမ်းခြောက်မှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

**အလေးထားဆောင်ရွက်**

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ ဥက္ကဋ္ဌများအနေဖြင့် တွေ့ကြုံရသည့် အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ နည်းဥပဒေနှင့်စပ်လျဉ်းသည့် အကြံပြုချက်များကို တင်ပြပေးစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်နိုင်ရေးနှင့် သတ်မှတ်အရေအတွက် ပြည့်မီစွာ သင်တန်းစေလွှတ်တက်ရောက်နိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များကလည်း အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ပြည်သူများ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖွင့်လှစ်ထားသည့် Call Center များတွင် တာဝန်ထမ်းဆောင်ကြသူများကို ယဉ်ကျေးစွာ ပြောဆိုဖြေကြားနိုင်သူများအား တာဝန်ပေးအပ်ပြီး ပြည်သူများက သိရှိလိုသည်များ မေးမြန်းမှုအပေါ် အလေးအနက်ထား ဖြေကြားရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ကိစ္စရပ်များအား မြေပြင်တွင် ဆောင်ရွက်နေကြသူများအနေဖြင့် စစ်မှုထမ်းရန် အကျုံးဝင်သူများအား စာရင်းဇယားမှန်ကန်တိကျစွာဖြင့် မသမာမှုမရှိစေရေး ကြပ်မတ် ဆောင်ရွက်သွားကြရန်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**စနစ်တကျရိုက်ကူးမှတ်တမ်းတင်**

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ကြမည့်သူများအနေဖြင့် သကြံန်ကာလ ရုံးပိတ်ရက်များတွင် မလိုလားအပ်သည့် အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး၊ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း ကိစ္စရပ်များသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် စစ်မှုထမ်းရန်သတ်မှတ်ရည်မှန်းချက် ပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် လေ့ကျင့်သင်ကြားစဉ်ကာလ ဆောင်ရွက်ချက်များအပေါ် မှတ်တမ်း/မှတ်ရာများ စနစ်တကျရေးသားပြုစုထိန်းသိမ်းခြင်း၊ မှတ်တမ်းဓာတ်ပုံ/ဗီဒီယိုများ စနစ်တကျရိုက်ကူးမှတ်တမ်းတင်ခြင်းများပြုလုပ်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများနှင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆက်သွယ်ပေးသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဘာသာရပ်နှင့်ဘာသာစကား နှစ်ခုစလုံးတွင် စွမ်းရည်ပြည့်ဝရန်လို

**နေပြည်တော် ဧပြီ ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်မည့် ဒုတိယဦးစီးမှူးနှင့် ဒုတိယလက်ထောက်ဦးစီးမှူးများအတွက် လုပ်ငန်းခွင်အကြိုစွမ်းရည်မြှင့်တင်မှုသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁)၌ ကျင်းပသည်။(ယာပုံ)



ဖွင့်ပွဲအခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ဒေသတွင်း အဖွဲ့အစည်းများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများကိုဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့် ဝန်ကြီးဌာနများအကြား ညှိနှိုင်းဆက်သွယ်ပေးသည့် ဌာနဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ဘာသာရပ်နှင့် ဘာသာစကား နှစ်ခုစလုံးတွင် စွမ်းရည်ပြည့်ဝရန် လိုအပ်ကြောင်း၊ လုပ်ငန်းခွင်အကြို စွမ်းရည်မြှင့်တင်မှုသင်တန်း သုံးကြိမ် ပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ထမ်းသစ်များ၏ ဌာနဆိုင်ရာ အသိပညာဗဟုသုတရရှိရန်နှင့် လုပ်ငန်းခွင်အတွင်း လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယခု သင်တန်းကို ပို့ချခြင်းဖြစ်ကြောင်း၊ သင်တန်းမှရရှိမည့် အသိပညာ ဗဟုသုတများကို ဆက်လက်တိုးပွားအောင် လုပ်ငန်းခွင်နှင့် ပေါင်းစပ်၍ အကျိုးရှိရှိ အသုံးပြုနိုင်အောင် ကြိုးစားကြစေလိုကြောင်းနှင့် စဉ်ဆက်မပြတ် လေ့လာဆည်းပူးစေလိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် မိမိတို့တာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနအပေါ် သစ္စာရှိရန်နှင့် ပေးအပ်လာသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်သည့် ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းတွင် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ ဌာနဖွဲ့စည်းပုံ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုများ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာကိစ္စရပ်များ၊ ဖွံ့ဖြိုးမှုစီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း၊ ငွေစာရင်းဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံအပေါင်းတစ် လွတ်လပ်သော ကုန်သွယ်မှုဒေသများ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဘာသာရပ်ကျွမ်းကျင်သူများက ပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဧပြီ ၁ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့တက်ရောက်ရန် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့သို့ ထွက်ခွာ

**ရန်ကုန် မေ ၂**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့တွင် ၂၀၂၄ ခုနှစ် မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပပြုလုပ်မည့် (၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများသို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Air Asia လေကြောင်းခရီးစဉ်ဖြင့်ထွက်ခွာသွားရာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများက လေဆိပ်တွင် လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

(၂၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ ဆက်စပ်အစည်းအဝေးများနှင့် ဆွေးနွေးပွဲများအား ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ယူကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ပဲခူးတိုင်းဒေသကြီး နွေရာသီအခြေခံ အားကစားသင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် တက်ရောက်ချီးမြှင့်

**ပဲခူး မေ ၂**

ပဲခူးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ပဲခူးမြို့ တိုင်းဒေသကြီး အားကစားခန်းမကြီး၌ မေ ၁ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တွင်ပါရှိသည့် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" ဆိုသည့်လုပ်ငန်းစဉ်ကို ဘက်ပေါင်းစုံမှ အလေးထားဖြည့်ဆည်းပေးလျက်ရှိပြီး တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်လှစ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များ၊ ထူးချွန်ထက်မြက်သော အားကစားလူရည်ချွန်များ ပေါ်ပေါက်လာစေမည်ဖြစ်ကြောင်း၊ နွေရာသီအခြေခံအားကစားသင်တန်းများ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်အတွက်ရောမြန်မာ့အားကစားလောကအတွက်ပါ အကျိုးထူးများ မလွဲမသွေရရှိနိုင်မည်ဖြစ်သည့်အတွက် မိမိတို့၏ ရင်သွေးငယ်များ တန်ဖိုးရှိသော လူတော်လူကောင်းများ ဖြစ်လာစေရေး နွေ၊ မိုး၊ ဆောင်း နှစ်လုံးပေါက် အားကစားသင်တန်းများ တက်ရောက်နိုင်ရေး အားပေးပံ့ပိုးသွားကြရန်နှင့် အားကစားနည်းအလိုက် တိုင်းဒေသကြီးကိုယ်စားပြု လက်ရွေးစင်အားကစားသမားများဖြစ်အောင်ကြိုးစားပြီး နိုင်ငံ့လက်ရွေးစင်များ ဖြစ်လာသည်အထိ ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆရာများအတွက် ဂုဏ်ပြုငွေနှင့် ဘောလုံး၊ Fitness Dance၊ ကရာတေးဒို၊ စားပွဲတင်တင်းနစ် သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က ဘတ်စကက်ဘော၊ မြန်မာ့သိုင်းနှင့် တင်းနစ်သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ကြက်တောင်၊ ဘော်လီဘော၊ ပြေးခုန်ပစ် သင်တန်းသားများအတွက် သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် သင်တန်းသားသင်တန်းသူများက အားကစားနည်းအလိုက် သရုပ်ပြဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သရုပ်ပြအားကစားသမားများအား ဂုဏ်ပြုငွေများ ပေးအပ်သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရပ်ရွာလူမှုအခြေပြု၊ လုပ်ငန်းခွင်အခြေပြု၊ မိသားစုအခြေပြုပုံစံ စာသင်ဝိုင်းများဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဆောင်ရွက်မည်

**မြိတ် မေ ၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်အတွင်းရှိ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းကို အ.ထ.က(၁)မြိတ် ပညာ့ဗိမာန်



ခန်းမ၌ မေ ၂ ရက်က ဖွင့်လှစ်သည်။**(အောက်ဝဲပုံ)**

သင်တန်းကို အကြောင်းအမျိုးမျိုးကြောင့် ငယ်စဉ်က မူလတန်းပညာ ပြီးဆုံးအောင် မသင်ကြားခဲ့ရသူများ၊ ကျောင်းမနေခဲ့ရသူများ၊ လူဦးရေနှင့် သန်းခေါင်စာရင်းအရ စာမတတ်သူ ကျေးလက်ဒေသနေ ပြည်သူများနှင့် အစွန်အဖျားဒေသရှိ ပြည်သူများအားလုံး စာတတ်မြောက်ရေး၊ တိုင်းရင်းသားပြည်သူများ နိုင်ငံသားများ၏ လူမှုဘဝ မြင့်မားရေးအတွက် အခြေခံစာတတ်မြောက်ရန်နှင့် တာဝန်သိနိုင်ငံသားကောင်းဆိုင်ရာ အခြေခံ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညဏ်ဇော်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်လှလှအေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့်ပတ်သက်သည့် " မနီ ပြုံးနိုင်ပြီ " အသိပညာပေး ဗီဒီယိုကလစ်ပြသသည်။

သင်တန်းကို မြိတ်တက္ကသိုလ်၊ မြိတ်၊ ကျွန်းစု၊ တနင်္သာရီ၊ ကော့သောင်း မြို့နယ်များမှ သင်တန်းသား ဆရာ ဆရာမ ၁၂၂ ဦး တက်ရောက်ပြီး မတ် ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ကျေးလက်ဒေသနေ ပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက် မေ ၆ ရက်မှမေ ၁၅ ရက်အထိ မြို့နယ်များအလိုက် ရပ်ရွာလူမှုအခြေပြု၊ လုပ်ငန်းခွင် အခြေပြု၊ မိသားစုအခြေပြုပုံစံ စာသင်ဝိုင်းများဖြင့် အခြေခံ စာတတ်မြောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝန်ထမ်းမိသားစုများ၏ စုပေါင်း ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားတက်ရောက်ကြည်ညို





**ရန်ကုန် ဧပြီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အမှူးပြုသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဝန်ထမ်းမိသားစုများ၏ စုပေါင်း ဒုလ္လဘရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ ရှင်လောင်းလှည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့ ဦးဆောင်သော ရှင်ရဟန်း ဒါယကာ၊ ဒါယိကာမတို့က သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ တို့ဖြင့် ဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ အစီအစဉ်အတိုင်း ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်နှင့် စွယ်တော်မြတ်စေတီတော်သို့ အစီအစဉ်အတိုင်း လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်သို့ ပြန်လည်ရောက်ရှိကြပြီး ထေရဝါဒပသာရဏီ သိမ်တော်အနီး၌ ဒုလ္လဘရဟန်းလောင်း ၃၉ ဦး၊ ရှင်သာမဏေလောင်း ၂၁ ဦး၊ သာသနာ့နွယ်ဝင် သီလရှင်လောင်း ၁၀ ဦးတို့ကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် သင်ကြားဆရာတော်များ၊ သီလရှင်ဆရာကြီးများက ကေသဆွေဒန မင်္ဂလာ စုပေါင်းဆံချခြင်း၊ ရှင်ရဟန်းလောင်း အားလုံးတို့က ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံ သင်္ကန်းကပ်၊ သင်္ကန်းတောင်းခြင်း၊ ဥပဇ္ဈာယ်ယူ ဆယ်ပါးသီလ ခံယူဆောက်တည်ခြင်းတို့ ဆောင်ရွက်၍ သာမဏေရပဗ္ဗဇ္ဇမင်္ဂလာ ရှင်သာမဏေအဖြစ်လည်းကောင်း၊ သာသနာ့နွယ်ဝင် သီလရှင်လောင်း တို့ကလည်း သင်ကြား သီလရှင်ဆရာကြီးတို့ထံတွင် သီလရှင်ဝတ်ခြင်း စသည်တို့ ဆောင်ရွက်ကြပြီး ပါမောက္ခချုပ် ဆရာတော်ထံမှ ရှစ် ပါးသီလ ခံယူဆောက်တည်၍ သာသနာ့နွယ်ဝင် သီလရှင်အဖြစ်လည်းကောင်း သာသနာ့အမွေ ခံယူခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းတွင် တက္ကသိုလ်ရှိ ထေရဝါဒပသာရဏီ သိမ်တော်တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော် ၃၁ ပါးတို့က ဒုလ္လဘရဟန်းအဖြစ် ခံယူကြမည့် ရဟန်းလောင်း၊ ရှင်သာမဏေလောင်း ၃၉ ပါးတို့ကို ရဟန်းခံယူခြင်းဆိုင်ရာ ဆောင်ရွက်ဖွယ်ရာ သံဃာ့ကိစ္စများဖြစ်သည့် ဥပဇ္ဈာယ်ယူခြင်း၊ ရဟန်းလောင်း ဆုံးမခြင်း၊ ဥပသမ္ပဒကမ္မဝါ ရွတ်ဖတ်ဥပသမ္ပဒကံဆောင်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး ဦးဆောင်သည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အလှူရှင်များက ပါမောက္ခချုပ်ဆရာတော်အမှူးပြုသည့်သင်ကြားဆရာတော် ၃၁ ပါး၊ ဒုလ္လဘရဟန်းတော် ၃၉ ပါး၊ စုစုပေါင်းအပါး ၇၀ တို့အား သိမ်ဆင်းလောင်းလှူပူဇော်ကြသည်။

ယင်းနောက် စုပေါင်းရဟန်းခံ ရှင်ပြု သီလရှင်ဝတ် အလှူတရားတော်နာ ရေစက်ချအခမ်းအနားကို တက္ကသိုလ်ရှိ ဘာဝနာမဟာသဘာတရားထိုင်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ဧည့်ပရိသတ်များက ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ သံဃာတော်အရှင်မြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးက ဦးဆောင်၍ အကြီးအကဲများနှင့် အလှူရှင်များက ပါမောက္ခချုပ်ဆရာတော် အမှူးပြုသည့် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သင်ကြားဆရာကြီး လေးပါးတို့ကို ပြည်ထောင်စုဝန်ကြီး၏ဇနီးနှင့် အမြဲတမ်းအတွင်းဝန်၏ ဇနီးတို့က လှူဖွယ်ပစ္စည်းများ လှူဒါန်းကြကာ ပြည်ထောင်စုဝန်ကြီးက ဝမ်းမြောက်စကားလျှောက်ထားသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုတို့အတွက် ပါမောက္ခချုပ် ဆရာတော်ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် HEV/ EV ကားများနှင့် ပတ်သက်သည့် အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုစံရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးတက်ရောက်

**နေပြည်တော် ဧပြီ ၂**

HEV/ EV ကားများနှင့်ပတ်သက်သည့် အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုစံရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့ အစည်းအဝေးခန်းမ ဇဝနသိဒ္ဓိရပ်ကွက် ချင်းရွာအနီး သီရိရတနာလမ်းနှင့် နေကြာ (၈) လမ်းထောင့် နေပြည်တော်၌ ကျင်းပရာ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင် ကျွမ်းကျင်မှုစံ သတ်မှတ်ရေး ကော်မတီဥက္ကဋ္ဌ၊ စံကော်မတီဝင်များ၊ ကျွမ်းကျင်မှုစံ ရေးဆွဲကြမည့် Technical Working Group (TWG) အဖွဲ့ဝင်များ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ (ACC)၊ NSSA မှ အဖွဲ့ဝင်များနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ဒုတိယဝန်ကြီးက နိုင်ငံတော်၏ မူဝါဒများတွင် တစ်ခုအပါအဝင်ဖြစ်သော EV ကားများနှင့် ပတ်သက်၍ လုပ်သားဈေးကွက်နှင့်ကိုက်ညီသော အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများရေးဆွဲသတ်မှတ်နိုင်ရေး အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင်တစ်ခုအတွက် ကျွမ်းကျင်မှုစံများ ရေးဆွဲရာတွင် ဝန်ကြီးဌာနတစ်ခုတည်း၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍ မဖြစ်နိုင်သဖြင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ဆက်စပ်ကော်မတီများ၊ ကျွမ်းကျင်မှုစံရေးဆွဲကြမည့် ကျွမ်းကျင်ပညာရှင်များကို ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးရခြင်း ဖြစ်ကြောင်း။

အလုပ်သမားဝန်ကြီးဌာနက Focal Ministry အဖြစ် ဆောင်ရွက်လျက်ရှိသည့် NSSA လုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်း ဆောင်ရွက်၍မရသဖြင့် လုပ်ငန်းကဏ္ဍမျိုးစုံအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အလုပ်ရှင်/ အလုပ်သမားအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ NSSA အနေဖြင့် အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံရေးဆွဲရန် ၂၇၆ မျိုး စာရင်းရရှိထားပြီး ကျွမ်းကျင်မှုစံ ၉၂ မျိုးကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း။

EV ကားများနှင့်ပတ်သက်၍ ဝန်ကြီးဌာနအလိုက်၊ ကော်မတီအလိုက် ဆောင်ရွက်ထားရှိမှုများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးပေးရန်နှင့် ကျွမ်းကျင်မှုစံ ရေးဆွဲကြမည့် ကျွမ်းကျင်ပညာရှင်များအနေဖြင့် EV ကားများနှင့် ပတ်သက်၍ လုပ်သားဈေးကွက်နှင့် ကိုက်ညီသော အလုပ်အကိုင်များအတွက် ကျွမ်းကျင်မှုစံများကို ခေတ်နှင့်အညီ ရေးဆွဲအတည်ပြု သတ်မှတ်နိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် EV ကားများနှင့်ပတ်သက်၍ ကျွမ်းကျင်မှုစံရေးဆွဲမည့် အလုပ်အကိုင်အမည်များ အတည်ပြုသတ်မှတ်ခြင်း၊ ကျွမ်းကျင်မှုစံရေးဆွဲမည့် Timeline သတ်မှတ်ခြင်း၊ Technical Working Group မှ ကျွမ်းကျင်မှုစံမူကြမ်းရေးဆွဲမှု အခြေအနေကို ပြန်လည်သုံးသပ်နိုင်ရေး ပုံမှန်လစဉ် အစည်းအဝေးကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့ပေါ်ရှိ သောက်သုံးရေအခက်အခဲရှိသည့် ပြည်သူများအား ရေလှူဒါန်း

**သထုံ ဧပြီ ၂**

မွန်ပြည်နယ် သထုံမြို့နယ် မီးသတ်တပ်ဖွဲ့မှ မြို့ပေါ်ရှိ သောက်သုံးရေ အခက်အခဲရှိသည့် ပြည်သူများအား ဧပြီ ၁ ရက်မှစတင်ကာ သောက်သုံးရေများ လိုက်လံလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ နန်းခဲရပ်ကွက် ကွက်သစ်ပိုင်းရှိ ရေအခက်အခဲဖြစ်သည့် ပြည်သူများအား ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ နေအိမ်အရောက် လှူဒါန်းပေးသည်။

သထုံမြို့နယ်၌ မီးသတ်ဦးစီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးကျောင်းများ၊ အများပြည်သူသုံး ရေကန်များနှင့် ရေရှားပါးရာ နေရာများသို့ နှစ်စဉ်သောက်သုံးရေများကို လိုက်လံလှူဒါန်းပေးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဆက်လက်လှူဒါန်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တက်ဟုန်ပြည်နယ်ခွဲ ကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မေ ၂

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရနှင့် တက်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတို့ ပူးပေါင်းကျင်းပသည့် တက်ဟုန်ပြည်နယ်ခွဲ ကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ MGallery Hotel ရောဝတီခန်းမ၌ ကျင်းပသည်။** (ယာပုံ)




အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဒေါက်တာ မျိုးသန့်နှင့် ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများ၊ တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်ပြည်နယ်ခွဲပါတီ ကော်မတီ အတွင်းရေးမှူး မစ္စတာ ကျန်းစန်း၊ တက်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံးနှင့် တက်ဟုန်ပြည်နယ်ခွဲ ကော်ဖီကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မိတ်ဆက်ပြသ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား တက်ဟုန်ပြည်နယ်ခွဲ ကော်ဖီကုမ္ပဏီများဖြစ်ကြသည့် Hou Gu ကုမ္ပဏီလီမိတက်၊ Yun Cha Wu ကုမ္ပဏီလီမိတက်၊ Hei Rou ကုမ္ပဏီလီမိတက်နှင့် Yi Nuo Chun ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ကုမ္ပဏီများအလိုက် ကော်ဖီများနှင့် စိုက်ပျိုးရေး ထုတ်ကုန်များကို မိတ်ဆက်ပြသသည်။

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ အတွင်းရေးမှူးက တက်ဟုန်ကော်ဖီနှင့် စိုက်ပျိုးရေး ထုတ်ကုန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးနှင့် ကော်ဖီ အဓိက တင်ပို့ရောင်းချသည့်နိုင်ငံ ဖြစ်လာစေရန် ရည်ရွယ်၍ ကော်ဖီ တန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီဗဟိုအဖွဲ့ကို ၂၀၂၂ ခုနှစ် မေ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး၊ အဓိကပို့ကုန် တစ်ခုအဖြစ် တင်ပို့နိုင်သည်အထိ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံအတွင်း ကော်ဖီတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီတန်ဖိုး ကွင်းဆက်လုပ်ငန်းများ ဖွံ့ဖြိုးမှုရရှိစေရေးတို့အတွက် အရှိန်အဟုန်မြှင့် အထောက်အကူပြုဆောင်ရွက်နိုင်ရန် မြန်မာ့ကော်ဖီ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့(Myan-mar Coffee Export Promotion Task Force) ကို မိမိတို့ဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ကော်ဖီအသင်းတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ကော်ဖီဈေးကွက် ဖွံ့ဖြိုးရေး**

ထို့ပြင် ကော်ဖီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် Road Map နှင့် Action Plan တို့ ရေးဆွဲရန်၊ ကော်ဖီကဏ္ဍအတွက် အာဆီယံနိုင်ငံများသို့ လေ့လာရေးသွားရောက်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ကော်ဖီဈေးကွက် ဖွံ့ဖြိုးရေး ကုန်စည်ဒိုင်တစ်ခု တည်ထောင်ဖွင့်လှစ်ရေး စီမံချက်ရေးဆွဲအဆိုပြုရန်နှင့် ကော်ဖီပို့ကုန်တိုးတက်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် ကော်ဖီဗဟိုအဖွဲ့အား အထောက်အကူပြုရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၏ တရုတ်နိုင်ငံ၏ကော်ဖီ အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် ဒေသဖြစ်ပြီး နိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု၏ ၉၅ ရာခိုင်နှုန်းရှိသည်ဟု သိရပါကြောင်း၊ ယူနန်ပြည်နယ်၏ ကော်ဖီထွက်သည့် ဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တက်ဟုန်ပြည်နယ်ခွဲတွင် ယခင်က ကုန်းနိမ့်ကော်ဖီကို စိုက်ပျိုးသော်လည်း ယခုအခါ ကုန်းမြင့်ကော်ဖီကိုသာ အများဆုံး စိုက်ပျိုးနေသည်ဟု သိရှိရပါကြောင်း၊ ကော်ဖီထွက်သည့်ဒေသ ဖြစ်သောကြောင့် မြန်မာ့ကော်ဖီလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံ ကော်ဖီအသင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် နည်းပညာမျှဝေခြင်း၊ အသိပညာပေးဝေခြင်း အစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်လည်း ဖိတ်ခေါ်ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားမည်**

ယနေ့ကျင်းပသည့် မိတ်ဆက်ပြပွဲတွင် တက်ဟုန်ကော်ဖီကုမ္ပဏီ ရှစ်ခုမှ ကော်ဖီစေ့၊ ကော်ဖီမှုန့်၊ အသင့်ဖျော်ကော်ဖီ၊ လက်ဖက်ခြောက်တို့ကို အဓိကပြသထားသည်ကို တွေ့ရှိရပါကြောင်း၊ တက်ဟုန်ပြည်နယ် အနေဖြင့် မြန်မာနိုင်ငံမှ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ယခုကဲ့သို့ ကော်ဖီအပါအဝင် ပြပွဲများ လာရောက်ပြသနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာကော်ဖီလုပ်ငန်းရှင်များနှင့် ညီနောင်လုပ်ငန်းရှင်များ အသင်းအနေဖြင့်လည်း တရုတ်နိုင်ငံ၏ ကော်ဖီအပါအဝင် ကုန်သွယ်မှုကဏ္ဍ အသီးသီး၏ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့မှုစသည့် တန်ဖိုးကွင်းဆက်ကို လေ့လာပြီး နှစ်နိုင်ငံအကြား အလားအလာရှိသည့် ကဏ္ဍများတွင် ကုန်သွယ်မှု ပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တက်ဟုန်ပြည်နယ်အနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ပြီး ကော်ဖီမိတ်ဆက်ပွဲ ကျင်းပကာ တက်ဟုန်ကော်ဖီ လုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ ကော်ဖီအသင်းတို့အကြား တွေ့ဆုံဆွေးနွေးခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာနိုင်ငံအတွင်း မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရနှင့် တက်ဟုန်ပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများကို ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **သတင်းစဉ်**

# နိုင်ငံ့ရေရှည်အကျိုးတိုးပွားရေး အရည်အသွေးပြည့်မီသော အင်ဂျင်နီယာ / နည်းပညာရှင်ကောင်းများ မွေးထုတ်ရင်း သုတေသနများမြှင့်တင်ဆောင်ရွက်

နေပြည်တော် မေ ၂

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယမန်နေ့ နံနက်ပိုင်းတွင် နည်းပညာတက္ကသိုလ်(ပုသိမ်)ရှိ ကွန်ပျူတာစာမေးပွဲခန်း၌ IT ဌာနမှ ကျောင်းသား ကျောင်းသူများ Programming ဘာသာရပ်ကို စိတ်ပါဝင်စားစွာ ဖြေဆိုနေမှု၊ ရေးဖြေစာမေးပွဲခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးကာ ကျောင်းသား ကျောင်းသူများ စိတ်ရှင်လန်းချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေးနှင့် စာမေးပွဲစည်းကမ်းများအတိုင်း အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဆောင်ရွက်ရန်၊ ယင်းနောက်ပိုင်း၌ Academic Calendar အတိုင်း ဆက်လက်ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာရူပဗေဒဌာနနှင့် အင်ဂျင်နီယာဓာတုဗေဒဌာနများရှိ လက်တွေ့ခန်းများတွင် သင်ထောက်ကူပစ္စည်းသစ်များ ထပ်မံဖြည့်ဆည်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**လေ့ကျင့်သင်ကြား**

ယင်းနောက် ဒုတိယဝန်ကြီးသည် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဌာနရှိ Electrotechnology နှင့် အခြားလက်တွေ့ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား အခြေခံသီအိုရီမှသည် လက်တွေ့ခန်းအတွင်း သုတေသနပြုစမ်းသပ်မှုမှတစ်ဆင့် ပြင်ပလုပ်ငန်းခွင်ရှိ ပကတိအခြေအနေတို့ကိုပါ ထင်ဟပ်ချိတ်ဆက်ကာ လေ့ကျင့်သင်ကြားပေးရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် စက်မှုအင်ဂျင်နီယာဌာနတွင် သုတေသနဆောင်ရွက်လျက်ရှိသော ကောက်စိုက်စက် (Paddy Transplanter)ကို ကြည့်ရှုစစ်ဆေးပြီး သမားရိုးကျ ICE ယာဉ်အစား လျှပ်စစ်သုံးယာဉ်(EV)အဖြစ် ပြောင်းလဲဆောင်ရွက်ရန်၊ လုပ်ငန်းခွင်တွင် စမ်းသပ်သုံးစွဲရန်နှင့် လိုအပ်သည်များကို မှာကြားပြီး အဆောင်(၁)အနီး တပ်ဆင်ထားသော ၂၀ ကီလိုဝပ် ဆိုလာဟိုက်ဘရစ်စနစ်၊ မီးဘေးအန္တရာယ်ကာကွယ်ရေး စီမံချက်အတိုင်း ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် တက္ကသိုလ်ဝင်းသန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)သို့ ရောက်ရှိကာ Internship ဆင်းရန် ပြင်ဆင်လျက်ရှိသော ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်၍ နိုင်ငံ့ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် အမှန်တကယ်အားထားရသော IT နည်းပညာရှင်ကောင်းများအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့သားကောင်းရတနာများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)၊ နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(ပုသိမ်)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ နိုင်ငံ့ရေရှည်အကျိုးတိုးပွားစေရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရာတွင် အထောက်အကူပြုနိုင်မည့် အရည်အသွေးပြည့်မီသော အင်ဂျင်နီယာများ၊ နည်းပညာရှင်များကို စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး အလေးထားဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

**ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် တာဝန်ရှိသူများ၏ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကာ တက္ကသိုလ်ဥပမိရုပ်တင့်တယ်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မေ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။



### တစ်ဦးချင်း ဝင်ငွေတိုးတက်ရေး

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအား လျာထားချက်ပြည့်မီစွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ပြီး တစ်ဦးချင်း ဝင်ငွေတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်ပြီး တိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း (Agro Based Industry) ကို တန်ဖိုးမြှင့်ကုန်ပစ္စည်းအထိ ထုတ်လုပ်ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံများမှ ထုတ်လုပ်သော စားသုံးဆီဖြင့် လုံလောက်အောင်သုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့ကျစေနိုင်မည်ဖြစ်သောကြောင့် ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးနှင့် အထွက်နှုန်းပိုမိုထွက်ရှိအောင် ပန်းတိုင်ရည်မှန်းချက်များ ထွက်ရှိရေးအတွက် ဝိုင်းဝန်းပူးပေါင်းကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နို့စားနွား မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ နို့နှင့် နို့ထွက်ပစ္စည်းများ ဖူလုံအောင်ထုတ်လုပ်နိုင်ရေးအတွက် နို့စားနွားနှင့် နို့စားကျွဲများ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ထုတ်လုပ်မှု စွမ်းအားတိုးတက်လာစေရန်အတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် မြေယာပြုပြင်ခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ စက်ကိရိယာများ အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ စွမ်းအားပြည့် အသုံးပြုနိုင်ရေးအတွက် စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ခြင်း၊ တောင်သူများ လုပ်ငန်းခွင်အဆင့်တိုင်းတွင် စက်ကိရိယာအသုံးပြုနိုင်ရန် လယ်ယာသုံးစက်ကိရိယာအမျိုးမျိုးကို ဖြန့်ဖြူးရောင်းချပေးခြင်း၊ အသုံးပြုနိုင်ရန် စီမံပေးခြင်းတို့ဖြင့် ခေတ်မီနည်းစနစ်များသုံးပြီး စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

### အသီးသီးရှင်းလင်းတင်ပြ

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ စက်မှုလယ်ယာ ကူးပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် အသီးသီးရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်း၊ စုံစမ်းစစ်ဆေးအရေးယူခြင်း လုပ်ငန်းစဉ် (၃)ရပ်ဖြင့် ဆောင်ရွက်လျက်ရှိ

တောင်ကြီး ဧပြီ ၂

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အဂတိလိုက်စားမှုကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်းတန်ဖိုးများ၊ လိုက်နာစောင့်ထိန်းကျင့်သုံးရမည့် ကျင့်ဝတ်စာရိတ္တဆိုင်ရာ ဝတ္တရားများ၊ တရားမျှတမှုဆိုင်ရာ တန်ဖိုးများကို ပျက်စီးစေလျက်ရှိပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအပေါ် ဆိုးကျိုး သက်ရောက်စေသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် တစ်ဦးတစ်ယောက်မှစ၍ ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်လာစေရန် အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ခု ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ ဆွေးနွေးပွဲ ပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။



### အမျိုးသားတာဝန်

အဂတိလိုက်စားမှုကို လာဘ်ပေးလာဘ်ယူမှုအဖြစ်သာ မှတ်ယူနေပါကြောင်း၊ အဂတိလိုက်စားမှုသည် လာဘ်ပေးလာဘ်ယူမှုထက် များစွာကျယ်ပြန့်ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်အဖြစ် အသုံးပြုခြင်း၊ မလျော်ဩဇာသုံး၍ စီမံခန့်ခွဲခြင်း၊ ဆွေမျိုးကောင်းစားရေး၊ မိမိနှင့်နီးစပ် အဆင်ပြေသူကောင်းစားရေးအတွက် ကျင့်သုံးဆောင်ရွက်ခြင်းတို့အပြင် မလျော်ဩဇာသုံး၍ မဲဆွယ်လွှမ်းမိုးခြင်း စသည့် အကြောင်းအရာ ဆောင်ရွက်ချက်များသည်လည်း အဂတိလိုက်စားမှုမြောက်သည့် အပြုအမူဆောင်ရွက်ချက်များဖြစ်ပါကြောင်း၊ အချုပ်အားဖြင့် အဂတိလိုက်စားမှုသည် မိမိကိုယ်ကျိုး စီးပွားအတွက် ကိုယ်ကျင့်တရား ပျက်ယွင်းမှုမှ စတင်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်း၊ စုံစမ်းစစ်ဆေး အရေးယူခြင်း လုပ်ငန်းစဉ် (၃) ရပ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှု (Good Governance)၊ သန့်ရှင်းသော အစိုးရ (Clean Govern–ment) ဖြစ်ပေါ်ရေးအတွက် အမျိုးသားတာဝန် တစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွေးက အဂတိလိုက်စားမှုသဘော သဘာဝများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည့် အချက်များကို မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်သည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ (၁) တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့–CPU အဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး CPU အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

⊛ *ကျော့ဖုံးမှ*

မတ် ၁၈ ရက်တွင် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ပဏာမကစားသမား ၂၀ ဖြင့် စခန်းဝင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အာရှဖလားဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မတ် ၃၀၊ ၃၁ ရက်က အာဖဂန်နစ္စတန်လက်ရွေးစင်အသင်းနှင့် ခြေစမ်းကစားရာ ပထမပွဲတွင် ခြောက်ဂိုး–တစ်ဂိုးဖြင့် အရေးနိမ့်သော်လည်း ဒုတိယပွဲတွင် လေးဂိုး–နှစ်ဂိုးဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ထိုင်းနိုင်ငံသို့ ကြိုတင်ထွက်ခွာရာတွင် ကစားသမား ၁၇ ဦး ခေါ်ဆောင်သွားမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ကစားအပြီးတွင် အပြီးသတ်ကစားသမား ၁၄ ဦး ရွေးချယ်မည်ဖြစ်သည်။

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄ အာရှဖလား ဖူဆယ်ပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ဧပြီ ၁၇ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သော်လည်း မြန်မာအသင်းသည် ဧပြီ ၅ ရက်ကတည်းက ထိုင်းနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး အာရှဖလား နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရထားသည့် အသင်းများနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီ ၆ ရက်တွင် ကူဝိတ်လက်ရွေးစင်အသင်း၊ ဧပြီ ၁၀ ရက်တွင် ကာဂျစ္စတန်လက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်ပြီး ဘန်ကောက်မြို့၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

❍ *ကျော့ဖုံးမှ*

တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ခြေကုန်ထုတ်လာမည့် လူတန်အသင်း၏ရန်းအားကြောင့်အမှတ်ပေးဇယား ဦးဆောင်ခွင့်ရရေး ကြိုးပမ်းလာမည့် အာဆင်နယ်အသင်း အခက်တွေ့နိုင်ဖွယ်ရှိသည်။ လူတန်အသင်း၏ ခံစစ်သည် အာဆင်နယ်အသင်း၏ ထိုးဖောက် တိုက်စစ်ဆင်မှုများကို အချိန်ပြည့်ဟန့်တားနိုင်ဖွယ် မရှိသောကြောင့် ရှုံးပွဲကြုံတွေ့သွားနိုင်သည်။

ဘရန့်ဖို့ဒ်နှင့် ဘရိုက်တန်အသင်းပွဲစဉ်ကို ဧပြီ ၄ ရက် နံနက် ၁ နာရီတွင် ဂျီတက်ချ်ကွန်မြူနတီကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဘရန့်ဖို့ဒ်အသင်းသည် ပြီးခဲ့သည့်ပွဲစဉ်တွင် မန်ယူကို သရေကျ ကစားထားနိုင်ခဲ့သော်လည်း နောက်ငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားသောကြောင့် အသင်း၏ စွမ်းဆောင်ရည်ပိုင်း ကျဆင်းနေသည်။ ဘရိုက်တန်က နောက်ဆုံးငါးပွဲမှာ နှစ်ပွဲအထိ နိုင်ပွဲ ရရှိထားသောကြောင့် ခြေစွမ်းအတက်ဘက်ရှိနေသည်ကို တွေ့ရသည်။

မန်စီးတီးနှင့် အက်စ်တွန်ဗီလာအသင်းပွဲစဉ်ကို ဧပြီ ၄ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် အီတီဟက်ကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ နှစ်သင်းကြားခံစစ်ပိုင်းကွာဟမှု သိသိသာသာရှိသော်လည်း တိုက်စစ်စွမ်းဆောင်ရည်ပိုင်းတွင် ကွာခြားမှုမရှိပေ။ ယခုနှစ်ရာသီတွင် အက်စ်တွန်ဗီလာအသင်း၏ကစားအား တက်လာသောကြောင့် မန်စီးတီးအသင်းအနေဖြင့် ရရှိလာမည့် အခွင့်အရေးကို ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့လျှင် ပေးဆပ်မှုကြီးမားသွားနိုင်သည်။

**အောင်ဇော်**

# ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲကျင်းပ

**ဇီးပင်ကြီး ဧပြီ ၂**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရတနာခန်းမ၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား/ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်းများ စုစုပေါင်း ၅၁၀ တက်ရောက်ကြသည်။




အခမ်းအနားတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးကျော်စိုးက ဝန်ထမ်းများကို ယခင်က ပြည်သူ့စစ်မှုထမ်းဥပဒေ၏ သမိုင်းကြောင်း နောက်ခံအခြေအနေများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များကို တိတိကျကျ သဘောပေါက် နားလည်စေရန် ပထမအကြိမ် ရှင်းလင်းပြောကြားပြီးဖြစ်ပါကြောင်း၊ ယခုပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် နောက်ဆက်တွဲပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များကို အချိန်နှင့်တစ်ပြေးညီ သိရှိစေရေး ထပ်မံဖြည့်စွက် အသိပညာပေး ဟောပြောရခြင်း ဖြစ်ပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ကိုယ်တိုင်သိရှိရုံသာမက မိမိ မိသားစုနှင့် ပတ်ဝန်းကျင် ပြည်သူများကိုပါ ထပ်ဆင့် မျှဝေရှင်းလင်း၍ အသိပညာဝေငှနိုင်ရေး သေချာစွာ မှတ်သားကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါ်ဝင်းဝင်းမာက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် နောက်ဆက်တွဲပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များကို ပြည်သူ့စစ်မှုထမ်းဥပဒေပါ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့် ယှဉ်တွဲဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အရာထမ်းများနှင့် အမှုထမ်းများက သိလိုသည်များမေးမြန်းကြသည့်အပေါ် ဖြေကြားဆွေးနွေးမှုများ ပြုလုပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဧပြီ ၂

**အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဧပြီ ၁ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Smile Smile" Facebook အကောင့်နှင့် "ရတနာလေး ရတနာလေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ရတနာမွှေး အား နံနက် ၈ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Aung Zin Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ၄ မိုင်ကံသာကျေးရွာနေ အောင်စိန်ထွန်းအား ညနေ ၅ နာရီ မိနစ် ၄၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက် ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးနေမည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်း

**မုံရွာ မေ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များမှ တာဝန်ရှိသူများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်သည့် အချက်အလက်နှင့် ကိုက်ညီသော အင်အားများအတိုင်း သင်တန်းတက်ရောက်မည့် သူများအား ရွေးချယ် စေလွှတ်ပေးနိုင်ရေး Time Frame အတိုင်း ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့ဝင်များကလည်း လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း နည်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အောင် ကြိုးပမ်းဆောင်ရွက်ကာ ပြည်သူ့စစ်မှုထမ်းများအား သတ်မှတ်အရေအတွက်အတိုင်း အချိန်မီ စုဆောင်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် သင်တန်းတက်ရောက်ရာတွင်လည်း နွေးထွေးပျူငှာစွာဖြင့် ကြိုဆိုလက်ခံကာ နေထိုင်စားသောက်ရေးကအစ လိုအပ်ချက်များ မရှိအောင် တာဝန်ရှိသူများက ဆောင်ရွက်ပေးသွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဖွဲ့ဝင်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အတွင်းရှိ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ ခရိုင်/မြို့နယ်များ အတွင်းရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး စာရင်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး/ခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ မိမိတို့ဌာနများအလိုက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက အထွေထွေဖြည့်စွက်အကြံပြု ဆွေးနွေး တင်ပြကြပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(မြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း အခြေခံစာတတ်မြောက်ရေး ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ့၊ ဖာပွန်မြို့နယ်များတွင် စာသင်ဝိုင်း ၂၀၃ ဝိုင်း ဖွင့်လှစ်ပို့ချမည်

**ဘားအံ မေ ၂**

ပညာရေးဝန်ကြီးဌာနနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၉ ခုနှစ် ကရင်ပြည်နယ်ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလှုပ်ရှားမှု နည်းပြများအား ဆင့်ပွားသင်တန်းဖွင့်ပွဲကို မေ ၁ ရက်က ဘားအံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲအတွက် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနမှ နေပြည်တော်တွင် သုံးရက်ကြာ ဖွင့်လှစ်ခဲ့သော ဗဟိုနည်းပြသင်တန်းကို တက်ရောက်ခဲ့ကြသည့် သင်တန်းနည်းပြများက ဝ ထ က လ သ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လူတိုင်းတွင် ဗလငါးတန် ကိုယ်စီရှိရမည်ဖြစ်ရာ စာပေမတတ်ခြင်းသည် ဗလအားလုံးကို ဆုံးရှုံးရသည်နှင့်တူသည့်အတွက် စာပေမတတ်သူများအား ယခုကဲ့သို့ စိတ်အားထက်သန်စွာဖြင့် စေတနာအရင်းခံပြီး သင်ကြားပေးကြမည့် တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကြီးကြပ်သူများအားလုံးကို ဝမ်းမြောက်ဂုဏ်ပြုကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုနည်းပြတစ်ဦးက ဆင့်ပွားနည်းပြသင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စာတတ်မြောက်ရေးလုပ်ငန်းဆိုင်ရာ ဗီဒီယိုကလစ်ကို ပြသသည်။

ကရင်ပြည်နယ်အတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ဘားအံ၊ ကော့ကရိတ်၊ မြဝတီ၊ လှိုင်းဘွဲ့၊ ဖာပွန်မြို့နယ်များတွင် စာသင်ဝိုင်း ၂၀၃ ဝိုင်း၊ သင်တန်းနည်းပြကိုးဦး၊ ဘားအံတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာဦးစီးဌာနမှ စာသင်ဝိုင်းနည်းပြ ၂၀၃ ဦး၊ ကြီးကြပ် ၂၆ ဦးဖြင့် ဆောင်ရွက်ရန် လျာထားပြီး ယခုသင်တန်းတွင် စာတတ်မြောက်ရေးလုပ်ငန်း၏ သဘောသဘာဝ၊ ပညာရယူပုံ နည်းလမ်းများ၊ ထိရောက်သော သင်ကြားသင်ယူမှုနည်းစနစ်များ၊ အခြေခံမြန်မာစာဘာသာရပ်နှင့် သင်္ချာဘာသာရပ် အခန်းလိုက် သင်ကြားပုံနည်းစနစ်များ၊ ဝ ထ က လ သ မှစ၍



စာတတ်မြောက်ရေး သင်ကြားခြင်းကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် Mobile Application အသုံးပြုနည်းစနစ်ဖြင့် သင်ကြားပုံနည်းလမ်းများ၊ ကျောင်းပြင်ပ ပညာရေးနှင့် စာတတ်မြောက်ရေးဆိုင်ရာပညာပေး ဇာတ်လမ်းတိုများ၊ တေးသီချင်းများ အသုံးပြု၍ ပြသပညာပေးခြင်း နည်းလမ်းများ၊ ကြီးကြပ်အကဲဖြတ်ခြင်းဆိုင်ရာပုံစံများနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ စာသင်သားပြည်သူများအတွက် လူမှုဘဝမြင့်မားရေးဆိုင်ရာအစီအစဉ်များကိုပါ အသိပညာပေးခြင်းများဖြင့် မေ ၁ ရက်မှ ၃ ရက်အထိ ပို့ချမည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**စောမျိုးမင်းသိန်း**

**(မြန်/ဆက်)**

# ယခုနှစ် မန္တလေးသင်္ကြန်ပွဲတော်ကို ဖျော်ဖြေရေးမဏ္ဍပ်ကြီး ၁၈ ခု၊ ရေကစားမဏ္ဍပ် ၁၄ ခုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မန္တလေး မေ ၂**

ယခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်ကို ကျုံးပတ်လည်၊ မြို့တွင်းနှင့် ကမ်းနားလမ်းတို့တွင် လမ်းလျှောက်သင်္ကြန်အပါအဝင် ဖျော်ဖြေရေးမဏ္ဍပ်ကြီး ၁၈ ခု၊ ရေကစားမဏ္ဍပ် ၁၄ ခု စုစုပေါင်းမဏ္ဍပ် ၃၀ ကျော်နှင့်အတူ စတုဒိသာကျွေးမွေးမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



"အခုနှစ် မန္တလေးသင်္ကြန်ပွဲတော်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့အတူ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေပေါင်းပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပဖို့ စီမံထားပါတယ်။ ကျုံးအရှေ့ဘက်ခြမ်းနဲ့ တောင်ဘက်ခြမ်းမှာ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် မဏ္ဍပ်အကြီး အသေး ၂၀ ကျော် ရှိပါတယ်။ ကျုံးအနောက်ဘက်ခြမ်းနဲ့ မြောက်ဘက်ခြမ်းမှာတော့ အပျော်တမ်းမိသားစုလိုက် ရေစုပ်စက်နဲ့ ရေကစားနိုင်အောင်လည်း စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်။ မဏ္ဍပ်တည်ဆောက်ဖို့အတွက်လည်း မတ် ၃၀ ရက်ကစပြီး တည်ဆောက်ခွင့်ပြုထားပါတယ်။ ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်နဲ့ စတုဒိသာမဏ္ဍပ်များ ဆောက်လုပ်နိုင်ဖို့အတွက်လည်း အခွန်အခပေးသွင်းဖို့မလိုဘဲ ဦးစားပေးစနစ်နဲ့ ချထားပေးတာပါ"ဟု မြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာနမှူး ဦးတင်ထွန်းဦးက ပြောသည်။

ကျုံးအရှေ့ဘက် ၆၆လမ်း၊ ၁၂လမ်းမှ ၂၆လမ်းအထိတွင် ဖျော်ဖြေရေးမဏ္ဍပ် အကြီးလေးခုနှင့် ရေကစားမဏ္ဍပ်အသေး ၁၀ ခုဖြင့်လည်းကောင်း၊ ကျုံးတောင်ဘက်ခြမ်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်အပါအဝင် ဖျော်ဖြေရေးမဏ္ဍပ် အကြီးကိုးခုနှင့် ရေကစားမဏ္ဍပ် အသေးလေးခုဖြင့်လည်းကောင်း၊ မြို့တွင်းဖြစ်သည့် ၇၃လမ်း (မင်္ဂလာမန္တလေးရှေ့) တွင် ရေကစားမဏ္ဍပ်၊ ဖျော်ဖြေရေးမဏ္ဍပ်များဖြင့်လည်းကောင်း၊ ၂၆ လမ်းနှင့် ၈၄လမ်းထောင့်ရှိ ဈေးချိုနာရီစင်အနီးတွင် ဈေးချိုသူရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်ဖြင့်လည်းကောင်း၊ ကမ်းနားလမ်း (၂၆ လမ်းမှ ၃၅ လမ်းအထိ) ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ် သုံးခုဖြင့်လည်းကောင်း ကျင်းပသွားနိုင်ရန် စီစဉ်လျက်ရှိသည်။

ထို့ပြင် လမ်းလျှောက်သင်္ကြန်အဖြစ် ကျုံးတောင်ဘက်ခြမ်း (၂၆ လမ်း၊ ၆၆လမ်းမှ ၇၁ လမ်းအထိ)လည်းကောင်း၊ ၇၃လမ်း (မင်္ဂလာမန္တလေးရှေ့)တွင် လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ (ဧပြီ ၁၃ ရက်နေ့) ညနေ ၅ နာရီခွဲတွင် လည်းကောင်း၊ မဟာသင်္ကြန်ပိတ်ပွဲ အခမ်းအနားကို သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်နေ့) ညနေ ၆ နာရီတွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ယခုနှစ်တွင် ကျုံးပတ်လည်ရှိ ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေရေးမဏ္ဍပ်များသို့ မော်တော်ယာဉ်များဖြင့် ရေပက်ခံသွားလာနိုင်စေရန် စီစဉ်ပေးထားပြီး မော်တော်ဆိုင်ကယ်များ ဝင်ရောက်ခွင့်ကို ပိတ်ပင်ထားကာ အများပြည်သူ လွတ်လပ်စွာ လမ်းလျှောက်သွားလာနိုင်ရန်အတွက် လုံခြုံရေးအဖွဲ့များ စီစဉ်ပေးထားသည်။ သင်္ကြန်အထူးအစီအစဉ်အနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး အရှေ့ဘက်ခြမ်း (၇၁ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား) တွင် လူဦးရေ ၅၀၀ ကျွေးမွေးနိုင်မည့် စတုဒိသာမဏ္ဍပ် တည်ဆောက်ပြီး သင်္ကြန်ပွဲတော်လာ ပြည်သူများအား စတုဒိသာထမင်းနှင့် ဟင်းလျာများ ကျွေးမွေးမည်ဖြစ်သည့်အပြင် ရပ်ကွက်နှင့် မြို့နယ်များတွင်လည်း စတုဒိသာ ကျွေးမွေးမည့်သူများလည်း ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

# သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်)၌ မျက်စိဝေဒနာရှင်များအား ပဥ္စမအကြိမ် အခမဲ့ခွဲစိတ်ကုသပေးမှုကြည့်ရှု

**ရန်ကုန် ဧပြီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ပင်လုံလမ်းရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်) ရှစ်ထပ်ကျောင်းဆောင်သီတဂူစက္ခုဒါန အဆင့်မြင့်ဆေးရုံကြီးတွင် စတုတ္ထအကြိမ် စာရင်းပေးသွင်းပြီး ခွဲစိတ်ရန်ကျန်ရှိခဲ့သည့် ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက်ပြသသည့် မျက်စိဝေဒနာရှင် ၃၅၀ အား ပဥ္စမအကြိမ်အဖြစ် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေးနှင့် ဆရာတော်ကြီး၏ မိန့်ကြားချက်များဆောင်ရွက်ပေးနိုင်ရေး ဧပြီ ၁ ရက်က ဆရာတော်ကြီးသီတင်းသုံးရာ သီတဂူဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တဉာဏိဿရ သီတဂူဆရာတော်ကြီးကို ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးရာတွင် လိုအပ်သည့်နေရာများ၌ အသုံးပြုနိုင်ရေး အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မျက်စိအထူးကုဆရာဝန်ကြီးများက စက္ခုဒါနဆေးရုံတွင် တပ်ဆင်ထားသည့် ခေတ်မီစမ်းသပ်စစ်ဆေးသည့် စက်သစ်ကြီးများဖြင့် ခွဲစိတ်ကုသရန် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးနေမှုကို လည်းကောင်း၊ ဆေးကုသရန် စောင့်ဆိုင်းနေသည့်



လူနာများအား လည်းကောင်း ကြည့်ရှု၍ မျက်စိဝေဒနာရှင်များကို အားပေးစကားပြောကြားပြီး သီတဂူစက္ခုဒါနဆေးရုံ(ရန်ကုန်) တွင် မျက်စိခွဲစိတ်ကုသပေးမည့် မျက်စိဝေဒနာရှင်များကို ပဥ္စမအကြိမ်အဖြစ် ဧပြီ ၁ ရက်မှ ၅ ရက်အထိ စမ်းသပ်ကုသပေးမည်ဖြစ်ရာ စတုတ္ထအကြိမ်စာရင်းပေးသွင်းပြီး ခွဲစိတ်ကုသပေးရန် ကျန်ရှိသည့် မျက်စိဝေဒနာရှင် ၃၅၀ အား စမ်းသပ်ခွဲစိတ် ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းချက်ထားကာ အကောင်အထည်ဖော် ဆောင်ရွက်

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကော်ဖီစီမံကိန်းဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၁ ရက်က ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်ဌာနများမှ တိုင်းဦးစီးမှူးများ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က ပြင်ဦးလွင်ဒေသအတွင်း၌ ကော်ဖီနှင့်ဒေသထွက်ကုန်ပစ္စည်းများကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်နေပါကြောင်း၊ ပြင်ဦးလွင်ဒေသနှင့် ကိုက်ညီမှုရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသစီးပွားရေးကိုအထောက်အကူပြုသည့် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်နှင့် ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်ဖြစ်စေရေး ရည်မှန်းချက်ထားကာ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ ကော်ဖီလုပ်ငန်းများအတွက် ဖော်ဆောင်ပေးထားသည့် ကော်ဖီစီမံကိန်းမြေနေရာများတွင် ကော်ဖီစိုက်ပျိုးမှုများ တိုးတက်စေရေး၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး စီမံခန့်ခွဲရေးနည်းလမ်းများအရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို သတ်မှတ်ကာလအတွင်းပြီးစီးရေး သက်ဆိုင်ရာ ဌာနများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်၏မူဝါဒများနှင့်အညီ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာန၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ တိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာနတို့မှ တိုင်းဦးစီးမှူးများက ကော်ဖီစီမံကိန်းမြေနေရာများနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍများအလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# စာတတ်မြောက်ရေးအစီအစဉ်များကို နှစ်အလိုက် ခရိုင်၊ မြို့နယ်များအလိုက် တိုးချဲ့သင်ကြားပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိ

**မကွေး ဧပြီ ၂**

ကျေးလက်နေ ပြည်သူများနှင့် တိုင်းရင်းသား ပြည်သူများ စာတတ်မြောက်ရေး အတွက် အခြေခံ စာတတ်မြောက်ရေး လုပ်ငန်း တိုင်းဒေသကြီးအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက်က မကွေး ပညာရေးဒီဂရီကောလိပ်ရှိ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခု သင်တန်းသည် မကွေးတိုင်းဒေသကြီးအတွင်း ဧပြီ ၆ ရက်မှ စတင်၍ ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ကြမည့် စာသင်ကြားရေးလုပ်ငန်းများတွင် နည်းပြနှင့် ကြီးကြပ်တာဝန်ထမ်းဆောင်ကြမည့် သူများအား သင်ကြားနည်းစနစ်များကို နေပြည်တော်မှာ ဗဟိုအဆင့်နည်းပြသင်တန်း တက်ရောက်ခဲ့ကြသူများက ဆင့်ပွားပို့ချပေးမည့် နည်းပြဆရာဖြစ် သင်တန်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်သုံးခုနှင့် မြို့နယ်သုံးခုရှိ စာသင်သား ၁၆၇၄ ဦးကို စာသင်ဝိုင်း ၁၁၉ ဝိုင်းဖွဲ့စည်းပြီး ဗဟိုအဆင့်နည်းပြ ကိုးဦး၊ နည်းပြ ၁၃၁ ဦး၊ ကြီးကြပ် ၃၁ ဦးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အသက် ၁၅ နှစ်နှင့်အထက်ရှိ စာမတတ်သူများအား အရေး၊ အဖတ်၊ အတွက်တို့ကို ဦးတည်သင်ကြားပေးရန်အပြင် မိသားစုများ၏ လူနေမှုဘဝမြင့်မားရေးအစီအစဉ်များကို အသိပညာပေးခြင်း၊ ကျွမ်းကျင်မှုပေးခြင်းတို့ဖြင့် ပေါင်းစပ်လျက် စာတတ်မြောက်ရေး သင်ကြားခြင်းအစီအစဉ်များကို နှစ်အလိုက် ခရိုင်၊ မြို့နယ်များအလိုက် တိုးချဲ့သင်ကြားပေးခြင်းတို့ကိုလုပ်ဆောင်ပေးလျက်ရှိကြောင်းနှင့် သင်တန်းသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိပတ်ဝန်းကျင်တွင် စာမတတ်သူ တစ်စုံတစ်ယောက်ရှိနေမည်ဆိုပါက ထိုသူ စာတတ်မြောက်အောင် ကူညီခြင်းဖြင့် စာမတတ်သူပပျောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အခြေခံစာတတ်မြောက်ရေး ရိုက်ကူးပုံဖော်ထားသည့် “မနီ ပြုံးနိုင်ပြီ” ဗီဒီယိုကလစ်ကို ပြသခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ် ၃၆ သိန်း သုံးသောင်းကျပ်ကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ ငရုတ်ဈေးနှုန်း မြင့်တက်

**မြစ်သား ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ငရုတ်စိုက်ပျိုးမှုများ အောင်မြင်ဖြစ်ထွန်းပြီး ငရုတ်ပွဲရုံများမှ ငရုတ်ဈေးနှုန်း မြင့်တက်လျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်၌ ၆၉၂ ငရုတ်မျိုးနှင့် Sminls Sv ၉၅၁၂ Hm ငရုတ်သီးနှံများအထွက်နှုန်းကောင်းမွန်သဖြင့် ငရုတ်အခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ မှ ၁၅၀၀၀ အထိ ဈေးကောင်းရရှိနေကြောင်း၊ ယခုနှစ်တွင် ယခင်နှစ်ထက် ငရုတ်များဈေးကောင်းရရှိပြီး လက်ရှိဒေသထွက် ငရုတ်သီးများကို မြစ်သားမြို့ပေါ်ရှိ ငရုတ်ပွဲရုံများတွင် ငရုတ်အမှည့်အစို တစ်ပိဿာလျှင် ငွေကျပ် ၂၉၀၀ ဈေးနှုန်းဖြင့်ဝယ်ယူပြီး ငရုတ်ပွဲရုံမှ ငရုတ်များကို မြစ်သားမြို့နယ်မှ ရန်ကုန်မြို့၊ မြဝတီမြို့နှင့် အခြားသောမြို့ကြီးများသို့လည်း 10Kg အိတ်များဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း ပွဲရုံပိုင်ရှင် ဦးကိုကိုဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

# ဆီးရီးယားရှိ အီရန်သံရုံးတိုက်ခိုက်ခံရမှုနှင့်ပတ်သက်ပြီး လက်တုံ့ပြန်သွားမည်ဟု အီရန်သမ္မတဆို

တီဟီရန် မေ ၂

**အီရန်သမ္မတ အီဗရာဟင် ရိုင်စီသည် ဆီးရီးယားရှိ အီရန်သံရုံးကို အစ္စရေးက တိုက်ခိုက်မှုပြုလုပ်ပြီးနောက် လက်တုံ့ပြန်အရေးယူဆောင်ရွက်မှုများပြုလုပ်မည့် ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောကြားလိုက်သည်။**

ထိုကဲ့သို့ လူသားမဆန်သောလုပ်ရပ်များဖြင့် ၎င်း၏ယုတ်ညံ့သောပန်းတိုင်များ မည်သည့်အခါမျှ အောင်မြင်မှုရရှိမည် မဟုတ်ကြောင်း အစ္စရေးသိစေရမည်ဟု အင်္ဂါနေ့ကထုတ်ပြန်သော ထုတ်ပြန်ချက်တွင်ရိုင်စီက ပြောသည်။ အစ္စရေးဒုံးကျည်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆီးရီးယားနိုင်ငံ၏မြို့တော် ဒမတ်စကတ်ရှိ အီရန်သံရုံးဝင်းအတွင်း ကောင်စစ်ဝန်ရုံးကို ထိမှန်ပျက်စီးခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာက အစီရင်ခံဖော်ပြပြီးနောက် နောက်တစ်ရက်အကြာတွင် အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုအတွင်း အကြီးတန်းတပ်မှူးတစ်ဦး၊ ၎င်း၏လက်ထောက်နှင့် အခြားအရာရှိငါးဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါတပ်မှူးမှာ အီရန်နိုင်ငံပြင်ပ၌ အထူးစစ်ဆင်ရေးအတွက် တာဝန်ယူထားသည့် အစ္စလာမ့်စစ်တော်လှန်ရေးအစောင့်တပ် Quds တပ်ဖွဲ့မှဖြစ်ကြောင်း သိရသည်။

အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ အဖွဲ့ဝင်များနှင့် အခြားအရာရှိများ သေဆုံးမှုဖြစ်ပွားလျက်ရှိသော်လည်း ယခုတစ်ကြိမ် အီရန်သံတမန်အဆောက်အအုံကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ယခုနောက်ဆုံးဖြစ်ရပ်ကြောင့် အရှေ့အလယ်ပိုင်းတွင် တင်းမာမှုများ ပိုတိုးလာနိုင်မှုနှင့်ပတ်သက်ပြီး စိုးရိမ်မှုများမြင့်တက်လျက်ရှိသည်။ အီရန်နိုင်ငံသည် လက်ဘနွန်အခြေစိုက် ရှီးယားစစ်သွေးကြွအဖွဲ့ ဟစ်ဇ်ဘိုလာနှင့် ယီမင်နိုင်ငံရှိ အစိုးရဆန့်ကျင်ဟူသီအဖွဲ့တို့ကို ထောက်ခံကြောင်း သိရသည်။

အဆိုပါအဖွဲ့နှစ်ဖွဲ့စလုံးသည် ဟားမားစ်နှင့် စည်းလုံးညီညွတ်ကြောင်းပြသကာ အစ္စရေးကိုတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ



အီရန်သမ္မတ အီဗရာဟင် ရိုင်စီ

## SpaceX က အာကာသအတွင်းသို့ နောက်ထပ် စတားလင့်ခ်ဂြိုဟ်တု ၂၂ စင်း လွှတ်တင်

**လော့စ်အိန်ဂျလိစ် မေ ၂**

အမေရိကန်ပုဂ္ဂလိက အာကာသကုမ္ပဏီ SpaceX သည် နောက်ထပ် စတားလင့်ခ် ဂြိုဟ်တု ၂၂ စင်းကို အာကာသအတွင်းသို့ မေ ၁ ရက်တွင် လွှတ်တင်လိုက်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုများကို ဖယ်ကွန် - ၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗန်းဒင်ဘာ့ဂ် အာကာသတပ်ဖွဲ့ အခြေစိုက်စခန်းမှ မေ ၁ ရက် ပစိဖိတ်စံတော်ချိန် ညနေ ၇ နာရီခွဲတွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ဖယ်ကွန် - ၉ ဒုံးပျံ၏ ပထမအဆင့် booster သည် ပစိဖိတ်သမုဒ္ဒရာတွင် စခန်းချထားသည့် Of Course I Still Love You ဒရုန်းယာဉ်ပေါ်သို့ ဆင်းသက်ခဲ့ကြောင်း သိရသည်။




နောက်ပိုင်းတွင် အဆိုပါ အာကာသကုမ္ပဏီသည် ဂြိုဟ်တု ၂၂ စင်းကို ဖြန့်ကြက်ချထားကြောင်း အတည်ပြုခဲ့သည်။ စတားလင့်ခ်သည် အင်တာနက်သုံးစွဲခွင့်မရရှိသော နေရာများ၊ သုံးစွဲခွင့်ရရန် ဈေးအလွန်ကြီးသော နေရာများ သို့မဟုတ် လုံးဝသုံးစွဲခွင့်မရရှိသော နေရာများအား မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုကို သုံးစွဲခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ဧပြီလမှ ဇွန်လအထိ ပြင်းထန်သော အပူဒဏ်ကို ခံစားရမည်

**နယူးဒေလီ မေ ၂**

တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ဧပြီမှ ဇွန်လအထိ ပြင်းထန်သော အပူဒဏ်ကို ခံစားရမည်ဖြစ်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဧပြီ ၁ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

ဧပြီမှ ဇွန်လအပူပိုင်းရာသီဥတုအတွင်း သာမန်အပူချိန်ထက် အပူချိန်မြင့်တက်မည့်ရက်များကို တောင်ပိုင်းကျွန်းဆွယ်ဒေသများ၊ အိန္ဒိယနိုင်ငံ အလယ်ပိုင်း၊ အရှေ့ပိုင်းနှင့် အနောက်မြောက်မြေပြန့်လွင်ပြင်ဒေသများတွင် ကြုံတွေ့နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

အပူလှိုင်းကျရောက်မည့်အချိန်အတွင်း အပူချိန်မြင့်တက်လာမှုသည် သိသာစွာအန္တရာယ်ရှိနိုင်ပြီး အထူးသဖြင့် အသက်ကြီးပိုင်းနှင့် ကလေးငယ်များ၊ ရောဂါအခံရှိသူများကဲ့သို့သော ကိုယ်ခံအားနည်းသူများအတွက် အပူလျှပ်ခြင်းနှင့် ခြေကုန် လက်ပန်းကျခြင်းကဲ့သို့သော အပူနှင့်ဆက်စပ်သည့် ရောဂါလက္ခဏာများကို ခံစားရနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။



အပူချိန်ပြင်းထန်မှု အချိန်ကြာမြင့်စွာ ဖြစ်ပေါ်လာပါက ရေဓာတ်ခန်းခြောက်ခြင်းနှင့် ဓာတ်အားလိုင်း ကွန်ရက်များကဲ့သို့သော အခြေခံအဆောက်အအုံများ ဝန်ပိမှုများဖြစ်ပွားနိုင်သလို သယ်ယူပို့ဆောင်ရေးစနစ်များလည်း ချို့ယွင်းနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ဖော်ပြထားသည်။

အပူချိန်ကြောင့် ဆိုးကျိုးသက်ရောက်နိုင်မှုများကို လျော့နည်းသက်သာစေရန် သင့်တော်သည့် အရေးယူဆောင်ရွက်မှုမျိုး လုပ်ဆောင်နိုင်ရေး သက်ဆိုင်ရာအာဏာပိုင်များကို အိန္ဒိယမိုးလေဝသဌာနက တိုက်တွန်းထားသည်။

ဆင်ဟွာ

## ထိုင်းနိုင်ငံ၌ ၂၀၂၄ ခုနှစ် ပထမသုံးလအတွင်း နိုင်ငံခြားခရီးသွား ၉ ဒသမ ၃၇ သန်းကျော်လက်ခံခဲ့

ဘန်ကောက် မေ ၂

ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ် ပထမသုံးလအတွင်း နိုင်ငံခြားခရီးသည် ၉ ဒသမ ၃၇ သန်းကျော် လက်ခံခဲ့ကြောင်းနှင့် လွန်ခဲ့သောနှစ်ထက် ခရီးသွားဝင်ရောက်မှု ၄၄ ရာခိုင်နှုန်းခန့် တိုးလာကြောင်းသိရသည်။ ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်အကုန်တွင် ခရီးသွား ၃၅ သန်း လာရောက်မည်ဟု မျှော်မှန်းထားကြောင်း တရားဝင်အချက်အလက်များတွင် ဖော်ပြထားသည်။

ဇန်နဝါရီလမှ မတ်လအတွင်း ထိုင်းနိုင်ငံသည် တရုတ်ခရီးသွား ၁ ဒသမ ၇၅ သန်း၊ မလေးရှားခရီးသွား ၁ ဒသမ ၁၆ သန်းနှင့် ရုရှားခရီးသွား ၆၂၂၈၁၃ ဦးတို့ကို လက်ခံခဲ့ကြောင်း ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ခရီးသွားအရေအတွက် မြင့်တက်လာခြင်းသည် ထိုင်းအစိုးရ၏ ဗီဇာကင်းလွတ်ခွင့် အစီအစဉ်ကြောင့်ဖြစ်သည်။

ထိုင်းနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် ခရီးသွားကဏ္ဍမှ ဘတ် ၃ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၄၅ ဘီလီယံ) ရရှိရန် ရည်မှန်းထားသည်။

ဆင်ဟွာ



## တူကီယဲနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သော အစ္စတန်ဘူလ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ရှစ်ဦးထက်မနည်းသေဆုံး

အစ္စတန်ဘူလ် မေ ၂

တူကီယဲနိုင်ငံ၏အကြီးဆုံးမြို့ဖြစ်သော အစ္စတန်ဘူလ်ရှိ အဆောက်အအုံတစ်လုံးတွင် ဧပြီ ၂ ရက်က မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ရှစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ကိုးဦးဒဏ်ရာရရှိသည်။

မီးလောင်မှုသည် ဖျော်ဖြေရေးစင်တာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း အစ္စတန်ဘူလ်အုပ်ချုပ်ရေးမှူးရုံးက ကြေညာချက်တွင် ပြောကြားခဲ့သည်။ ၁၆ ထပ်ရှိသော အဆောက်အအုံ၏ ပထမထပ်နှင့် ဒုတိယထပ်တွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်သည့်နေရာသို့ မီးသတ်သမားများနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များ သွားရောက်ခဲ့ကြောင်းနှင့် ဒဏ်ရာရရှိသူခုနစ်ဦးမှာ စိုးရိမ်ရကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို မသိရသေးပေ။ မီးလောင်မှုနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဆင်ဟွာ

# စိတ်ချမြန်ဆန် မီတာဘေလ်ဆောင်ရန်

**— — — — — မောင်မောင်(လျှပ်စစ်) — — — — —**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပါသည်။ မန္တလေးတွင်ရှိစဉ် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် Online အသုံးပြုမီတာခဆောင်သည့် အခြေအနေများကို ပြည်သူများ သိရှိစေရန် ရေးသားခဲ့ဖူးသော်လည်း ယခုအခါ ရန်ကုန်သို့ ပြောင်းရွှေ့ရောက်ရှိလာပြီဖြစ်၍ ရန်ကုန်မြို့မှ Online အသုံးပြုမီတာခဆောင်သည့် အခြေအနေများကို ထပ်မံတင်ပြရန်လိုအပ်လာပြီဟု ယူဆပါသဖြင့် ရန်ကုန်မြို့တွင် Online မှ ဓာတ်အားခပေးဆောင်မှု အခြေအနေများကို ထပ်မံရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

ရန်ကုန်မှာက နယ်တွေမှာလိုမဟုတ်ပါ။ မီတာခဆောင်ရန် အခက်အခဲအနည်းနှင့်အများ ရှိကြပါသည်။ အိမ်ထောင်စုတိုင်း အလုပ်တာဝန်များဖြင့် မအားလပ်ကြသည်ကများ၍ ရုံးသို့ မီတာခဆောင်ရန်မှာ အခက်အခဲကိုယ်စီရှိကြသည်က များသည်။ လူကြုံဖြင့် ဆောင်ခိုင်းရန်မှာလည်း ငွေမသွင်းဘဲ အလွဲသုံးစားဖြစ်မှာ စိုးရိမ်ရသည်။ လွယ်လွယ်နှင့် အလွဲသုံးစားမပြုနိုင်အောင် ရန်ကုန်နှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းများတွင် ဌာနမှ ကွန်ပျူတာဘေလ်များ ပြောင်းလဲသုံးစွဲခဲ့ပြီးဖြစ်သည်။ ကွန်ပျူတာဘေလ်ပေါ်တွင် ကွန်ပျူတာဖြင့် ပုံနှိပ်ထားသော စက်ဖတ်ချက်ပါရှိမှသာ ငွေသွင်းခြင်းသည် တရားဝင်ဖြစ်ပါသည်။ မီတာပြေစာပေါ်တွင် လူကြုံဖြင့်ပေးဆောင်ခြင်းမပြုရန်နှင့်အလွဲသုံးစားကိစ္စများ ဖြစ်ပေါ်ပါက ကာယကံရှင်တာဝန်သာဖြစ်ကြောင်းနှင့် ဆောင်ပြီး မီတာဘေလ်များတွင် စက်ဖတ်ချက်ပါရှိခြင်း ရှိ/မရှိ စစ်ဆေးလက်ခံကြရန် စသည်ဖြင့် သေချာစွာရေးသားအသိပေးထားပြီး ဖြစ်သော်လည်း ပြည်သူများဘက်ကလည်း သတိပြုကြရန်နှင့် လိုက်နာကြရန်လိုအပ်ပါသည်။

**မီတာဘေလ်ဆောင်ရန်**
**လွယ်ကူသောနည်းလမ်းတစ်ခုရှိ**

ထိုသို့ မီတာဘေလ်ဆောင်ရန် အခက်အခဲများကို လွယ်ကူစွာဖြေရှင်းနိုင်သော နည်းလမ်းတစ်ခုရှိပြီး အလွန်စိတ်ချရသော နည်းလမ်းလည်း ဖြစ်ပါသည်။ မည်သူ့ကိုမှ အားကိုးရန်မလိုပါ၊ မိမိဘာသာအားကိုးလို့ရသည်။ မီတာဘေလ်ဆောင်ဖို့ ရုံးသို့သွားရန်မလို၊ စက်ဖတ်ချက်အား စစ်ရန်လည်းမလို၊ စာရွက်လည်း သိမ်းထားရန် မလိုသောနည်းဖြစ်၍ အလွန်အဆင်ပြေသော နည်းလမ်းဖြစ်သော်လည်း မီးသုံးစွဲသူပြည်သူများအနေဖြင့် ယနေ့အချိန်အထိ အသုံးပြုသူ ရာခိုင်နှုန်းနည်းပါးလွန်းနေပါသည်။

**မိုဘိုင်းဖုန်းဖြင့် မီတာခကို တွက်ချက်ကြည့်နိုင်**

အဆိုပါနည်းလမ်းမှာ Online မှ မီတာဘေလ်ဆောင်သော နည်းလမ်းဖြစ်သည်။ မီတာခတွက်ဖို့လည်း ယခုခေတ်တွင် Software များစွာ၊ Application များစွာရှိ၍ မိမိတို့အသုံးပြုသော မိုဘိုင်းဖုန်းများဖြင့်ပင် တွက်ချက်ကြည့်နိုင်ပါသည်။ မိမိတို့ဖုန်းတွင် အသုံးပြုသော Mobile Banking စနစ်ကိုလိုက်၍ Pay အမျိုးအစားအမျိုးမျိုးတွင် Electricity Bill ဟု ရိုက်၍ရှာပြီး မိမိဓာတ်အားခပြေစာပေါ်ရှိ Bar code တွင်ပါရှိသည့် ဂဏန်းနံပါတ်အား ရိုက်ထည့်ပြီး ကျသင့်သည့်မီတာခကို အလွယ်တကူ ပေးဆောင်နိုင်ပါသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် Online မှ ဓာတ်အားခပေးဆောင်နိုင်သော Application များမှာ ယခုအခါ ၁၈ ခုအထိ ရှိလာခဲ့ပြီဖြစ်သည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်ရှိ မြို့နယ်များအလိုက်အသုံးပြုနိုင်သည့် နှစ်သက်ရာ Pay အမျိုးအစားကို ရွေးချယ်၍ အသုံးပြုနိုင်ပါသည်။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းနှင့် စာချုပ် ချုပ်ဆိုပြီးဖြစ်၍ Online မှ ဓာတ်အားခပေးဆောင်နိုင်သော Application များမှာ–

( ၁ ) ကမ္ဘောဇဘဏ် (KBZ) မှ K pay Application
( ၂ ) မြန်မာ့ရှေ့ဆောင်ဘဏ်(MAB) မှ MAB Mobile Banking Application
( ၃ ) သမဝါယမဘဏ်(CB) မှ CB pay Application
( ၄ ) ယူအေဘီဘဏ် (uab) မှ UAB pay Application
( ၅ ) ဧရာဝတီဘဏ် (AYA)မှ AYA pay Application
( ၆ ) မြန်မာ့အရှေ့တိုင်းဘဏ်(MOB)မှ MOB Mobile Banking Application
( ၇ ) ထွန်းကော်မာရှယ်ဘဏ်မှ TCB Mobile Banking Application
( ၈ ) ဧရာဝတီ တောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်လီမိတက် (A Bank) မှ A B Mobile Banking Application
( ၉ ) Myanmar Citizens Bank မှ Citizens pay Application
(၁၀) ရွှေကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဘဏ် (Shwe Bank)မှ SB Mobile Banking Application
(၁၁) ရိုးမဘဏ်လီမိတက်မှ YOMA Bank Mobile Banking Application
(၁၂) အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက် (AGD)မှ One pay Application
(၁၃) မြန်မာ့ခရီးသွားဘဏ်လီမိတက်ဘဏ် (MTB Bank ) မှ MTB Mobile Banking Application
(၁၄) Internet Wallet Myanmar Ltd (OKS) မှ OK$ Application
(၁၅) Myanmar Mobile Money (MMM)မှ Easy pay Application
(၁၆) Mytel Wallet International Myanmar CO.,Ltd မှ Mytel pay Application
(၁၇) Ooredoo Myanmar Fintech Limited မှ M–pitesan Application
(၁၈) Digital Money Myanmar Ltd မှ Wave pay Application တို့ ဖြစ်ကြပါသည်။



(၂/၂၀၂၄) လအထိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ Mobile Banking မှ တစ်ဆင့် Online Pay ဖြင့် မီတာဘေလ် ပေးဆောင်နိုင်သော Pay စနစ် ၁၈ ခုအထိ ရှိလာပြီဖြစ်၍ ပေးဆောင်သူ စုစုပေါင်း ၄၆၀၃၅၆ ဦးအထိ ရှိလာနေပြီဖြစ်ပါသည်။ ထိုသို့သောပမာဏမှာ ရန်ကုန်တိုင်းဒေသကြီး၏ လက်ရှိမီးသုံးသူဦးရေ ၁၆၅၃၃၈၆ ဦးနှင့် နှိုင်းယှဉ်မည်ဆိုပါက ၂၇ ဒသမ ၈၄ ရာခိုင်နှုန်းသာရှိသေးသဖြင့် ရာခိုင်နှုန်းများစွာ နည်းနေသေးရာ Pay စနစ်များ အသုံးပြု၍ Online မှ ပေးဆောင်ကြပါဟု အလေးအနက် တိုက်တွန်းလိုပါသည်။ ရုံးသို့သွားရမည့်စရိတ်၊ တန်းစီရမည့်ဒုက္ခနှင့် အလုပ်အကိုင်ပျက်ခြင်းတို့မှကင်းဝေး၍ မိနစ်ပိုင်းအတွင်း လွယ်ကူလျင်မြန်စွာ လုံခြုံစိတ်ချစွာဖြင့် ပေးဆောင်နိုင်သဖြင့် Online စနစ်ဖြင့် ဓာတ်အားပေးဆောင် သွားကြစေလိုပါသည်။

**ဖုန်းဆိုင်၊ စတိုးဆိုင်များမှတစ်ဆင့် ပေးဆောင်နိုင်**

Google Play Store တွင် Application မျိုးစုံကို ရှာဖွေခြင်းဖြင့် လည်းကောင်း၊ သက်ဆိုင်ရာ ဘဏ် (သို့မဟုတ်)လုပ်ငန်း၏ အကူအညီကိုရယူ၍ Download လုပ်နိုင်ပြီး အသုံးပြုပုံကို မလုပ်တတ်သေးပါကလည်း သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးသို့ ဖြစ်စေ၊ Mobile Banking (သို့မဟုတ်) Pay ဆောင်ရွက်သည့် ကုမ္ပဏီကိုဖြစ်စေ တစ်ကြိမ်ဆက်သွယ်ပြီး အသုံးပြုကြမည်ဆိုလျှင် ပြည်သူများအတွက်ရော ဌာနအတွက်ပါ အကျိုးရှိလာနိုင်စေမည့် နည်းလမ်းတစ်ခုဖြစ်ပါသည်။ ထို့ပြင် မိမိတို့အနီးအနားပတ်ဝန်းကျင်ရှိ Mobile Banking (သို့မဟုတ်) Pay တစ်ခုခုကိုအသုံးပြု၍ ဝန်ဆောင်ခရယူပြီး မီတာဘေလ်ဆောင်ပေးသူများ (ဖုန်းဆိုင်များ၊ စတိုးဆိုင်များ စသည့်)မှလည်း တစ်ဆင့်ပေးဆောင်နိုင်သည်။

ဌာနအနေဖြင့် ယခင်က ဝန်ဆောင်ခသတ်မှတ်ရယူ၍ ရပ်ကွက်များအတွင်း အိမ်တိုင်ရာရောက်ငွေကောက်ခံမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ယခုအခါ Mobile Banking (သို့မဟုတ်) Pay များကိုဖုန်းဖြင့် တွင်ကျယ်စွာ အသုံးပြုလာကြပြီဖြစ်၍ ဝန်ဆောင်ခယူ၍ မော်တော်ယာဉ်ဖြင့် မီတာဘေလ်ကောက်ခံသောစနစ်ကို ဖျက်သိမ်းခဲ့ပြီး ဖြစ်ပါသည်။ Online မှ မီတာဘေလ်ဆောင်ရာတွင် သတိပြုရမည့်အချက်မှာ ကြွေးကျန်မရှိရန် လိုအပ်ပြီး လစဉ်(၁၃၊၁၄၊၁၅)ရက်နေ့များတွင် Mobile Banking (သို့မဟုတ်) Pay များပေါ်တွင် မီတာဘေလ်များရောက်ရှိပြီဖြစ်ပါသဖြင့် အဆိုပါရက်များမှစ၍ Last Date မတိုင်မီ တစ်ရက်အထိ ပေးဆောင်သွားနိုင်ပြီး ကျော်လွန်ခဲ့ပါက ရက်လွန်ဒဏ်ကြေး ပေးဆောင်သွားရမည်ဖြစ်ပါသည်။ ဌာနတာဝန်မှာ လျှပ်စစ်ဓာတ်အားအပြည့်အဝပေးနိုင်ရေး ဖြစ်သကဲ့သို့ လျှပ်စစ်မီးသုံးစွဲသော ပြည်သူများကလည်း နိုင်ငံကြီးသားပီသစွာ မိမိတို့သုံးစွဲသော ဓာတ်အားခများကို မှန်မှန်ကန်ကန်ပေးချေသွားရန်လိုအပ်ပြီး အချိန်ကုန်လူပန်းမဖြစ်စေနိုင်သော Online မှ ပေးဆောင်ခြင်းကို စိတ်ချယုံကြည်ရမှု ရာနှုန်းပြည့်ရှိသဖြင့် ရွေးချယ်အသုံးပြုသင့်ကြပါသည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ မိမိတို့ပေးဆောင်လိုသော Mobile Banking စနစ်တစ်မျိုးမျိုးတွင် မီတာစာရွက်ပေါ်ရှိ Bar code နံပါတ်များ မှန်မှန်ကန်ကန် ဖြည့်သွင်း၍ ကိုယ်တိုင်ပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ နီးစပ်ရာဝန်ဆောင်ပေးသူများ အကူအညီရယူ၍ဖြစ်စေ Online မှ ဓာတ်အားခပေးဆောင်ခြင်းဖြင့် လျင်မြန်၍ လုံခြုံပြီးစိတ်ချရသဖြင့် မဖြစ်မနေကူးပြောင်း ဆောင်ရွက်ကြရန် ထပ်မံတိုက်တွန်း တင်ပြလိုပါသည်။ မဝေးလှသောကာလတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းအနေဖြင့် အောင်ဘာလေထီကဲ့သို့မျိုး Mebill ဟုခေါ်သော မိုဘိုင်းဖုန်းဖြင့် ကျသင့်ဘေလ်ကို တိုက်ရိုက်ဖတ်ရှုသိရှိနိုင်မည့် Application မှတစ်ဆင့် သက်ဆိုင်ရာ ပေးဆောင်လိုသည့် Mobile Banking (သို့မဟုတ်) Pay သို့ တိုက်ရိုက်ပေးသွင်း ဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းလျက်ရှိရာ Online မှ မီတာဘေလ်ဆောင်ခဲ့သည့်စနစ်သို့ ကူးပြောင်းသုံးစွဲပေးကြပါရန် အလေးအနက် တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။ ။

**❂ လျှပ်စစ်မီးသုံးစွဲသော ပြည်သူများကလည်း နိုင်ငံကြီးသားပီသစွာ မိမိတို့သုံးစွဲသော ဓာတ်အားခများကို မှန်မှန်ကန်ကန် ပေးချေသွားရန်လိုအပ်ပြီး အချိန်ကုန်လူပန်းမဖြစ်စေနိုင်သော Online မှ ပေးဆောင်ခြင်းကို စိတ်ချယုံကြည်ရမှု ရာနှုန်းပြည့်ရှိသဖြင့် ရွေးချယ်အသုံးပြုသင့်**

**❖ မီတာဘေလ်ဆောင်ဖို့ ရုံးသို့သွားရန်မလို၊ စက်ဖတ်ချက်အား စစ်ရန်လည်းမလို၊ စာရွက်လည်း သိမ်းထားရန်မလိုသော နည်းဖြစ်၍ အလွန်အဆင်ပြေသော နည်းလမ်းဖြစ်သော်လည်း မီးသုံးစွဲသူပြည်သူများအနေဖြင့် ယနေ့အချိန်အထိ အသုံးပြုသူ ရာခိုင်နှုန်းနည်းပါး**

# ကချင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မဟာသင်္ကြန်ကာလ မြန်မာတို့၏ရိုးရာဓလေ့ထုံးစံနှင့်အညီ မြစ်ကြီးနားမြို့၌ စုပေါင်းဒုလ္လဘရဟန်းခံ အလှူတော်မင်္ဂလာ၊ သိမ်ဆင်းလောင်းလှူပူဇော်ပွဲနှင့် ရေစက်ချတရားနာအလှူတော်မင်္ဂလာပွဲတော်အခမ်းအနားများ ကျင်းပပြုလုပ်



**မြစ်ကြီးနား ဧပြီ ၂**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော မဟာသင်္ကြန်ကာလ မြန်မာတို့၏ ရိုးရာဓလေ့ထုံးစံနှင့်အညီ ကုသိုလ်ဒါနအနေဖြင့် ဝန်ထမ်းမိသားစုများ အပါအဝင် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၁ ရက်က ကျင်းပပြုလုပ်ခဲ့ပြီး ဒုလ္လဘရဟန်းသံဃာများအား သိမ်ဆင်းလောင်းလှူပူဇော်ပွဲနှင့် ရေစက်ချတရားနာ အလှူတော်မင်္ဂလာ အခမ်းအနားများကို ဧပြီ ၂ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက်အတွင်းရှိ အံတော်ရှင် တောင်တန်းသာသနာပြုဗဟိုကျောင်းတိုက်၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ စုပေါင်းဒုလ္လဘရဟန်းခံ သံဃာတော်များ၊ ကိုရင်များအား သိမ်ဆင်းလောင်းလှူပူဇော်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ရဟန်းဒါယကာ၊ ဒါယိကာမများနှင့်အလှူရှင်များက ထေရ်ကြီးဝါကြီး ဆရာတော်သံဃာတော်များနှင့် ဒုလ္လဘရဟန်းခံသံဃာတော် ၂၀၀ ကျော်၊ စာသင်သားသာမဏေများ၊ သီလရှင်ဆရာလေးများအား အံတော်ရှင် စေတီတော်ဝင်းအတွင်း ဆွမ်းဆန်စိမ်း၊ ဆေးနှင့် အသုံးအဆောင်ပစ္စည်းများကို လောင်းလှူပူဇော်ကြသည်။

ထို့နောက် ဓမ္မဗိမာန်တော်၌ရေစက်ချတရားနာ အလှူတော်မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဇောတိကဓဇ ခေမာသီဝံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ဆရာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ဆရာတော် အရှင်သူမြတ်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ထံမှ အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ဒေါက်တာဝါဝါမောင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တက်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူး မစ္စတာ ကျန်းစမ်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တက်ဟုန်ပြည်နယ်ခွဲတို့အကြား စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-မန်စီ-ရန်ကုန် Cargo ခရီးစဉ် စတင်ပျံသန်းပြေးဆွဲ

**နေပြည်တော် ဧပြီ ၂**

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လေကြောင်း ခရီးစဉ်များ (Cargo Flight) ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ပျံသန်း ပြေးဆွဲလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှစ၍ Boeing 737-800 လေယာဉ်ဖြင့် ရန်ကုန် - မန်စီ - ရန်ကုန် Cargo Flight ကို အောက်ဖော်ပြပါ အချိန်ဇယားအတိုင်း တစ်ပတ်လျှင် နှစ်ရက် တိုးချဲ့ပျံသန်း ပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်-

| Date | From – To | Flight No. | Departure ( Local Time ) | Arrival ( Local Time ) |
|---|---|---|---|---|
| 2 Times Per Week ( Wednesday , Sunday ) | Yangon –Mangshi | UB–8101 | 10:20 | 13:40 |
| | Mangshi – Yangon | UB–8102 | 15:00 | 15:20 |



## နေပြည်တော်၌ ဌာနဆိုင်ရာသင်္ကြန်ယိမ်းအဖွဲ့များ သင်္ကြန်အကအလှများ ဇာတ်တိုက်လေ့ကျင့်လျက်ရှိ

**နေပြည်တော် ဧပြီ ၂**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ဌာနဆိုင်ရာများအလိုက် သင်္ကြန်ယိမ်းအဖွဲ့များဖြင့် သင်္ကြန်အကအလှများ ဇာတ်တိုက် လေ့ကျင့်နေကြပြီဖြစ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှလည်း “ခါသင်္ကြန်အဆိုအက” အစီအစဉ်ကို ယခင်နှစ်များနည်းတူ



တင်ဆက်နိုင်ရေး သင်္ကြန်ယိမ်းအဖွဲ့များဖြင့် ရိုက်ကူးရေးစီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြု သင်္ကြန်ယိမ်းအဖွဲ့များသည် နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ “ ဖိုးညိုမြ ” နှင့် “ ဖြူနီပြာဝါ ” တေးသီချင်းများဖြင့်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ သင်္ကြန်ယိမ်းအဖွဲ့ များသည် “ ရေတွေစိုကုန်ပြီ ”တေးသီချင်း၊ ရင်သွေးရတနာ မူကြိုကျောင်းမှ မူကြိုကလေးငယ်များက “သင်္ကြန်မိုး” တေးသီချင်းများဖြင့် လည်းကောင်း ရိုက်ကူးခဲ့ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့လည်း ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ယိမ်းအဖွဲ့များသည် ၎င်းတို့၏ဌာနများတွင် သင်္ကြန်တေးသီချင်းဖြင့် အကတိုက် လေ့ကျင့်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သွားရောက်သတင်းရယူ ရိုက်ကူးခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

### မိုဘိုင်းဖုန်းဖြင့် စိုက်ပျိုးနည်းပညာနှင့် သတင်းများရယူရေး နည်းပညာပေး

**တပ်ကုန်း ဧပြီ ၂**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၌ မိုဘိုင်းဖုန်းအသုံးပြု၍ စိုက်ပျိုးနည်းပညာနှင့် ဈေးကွက်သတင်း အချက်အလက်များ ရယူသုံးစွဲနိုင်ရေး နည်းပညာပေးသင်တန်းကို ဧပြီ ၁ ရက်က ဖွင့်လှစ်သင်ကြားရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းညွန့်နှင့် ကွင်းဝန်ထမ်း ၂၇ ဦး တက်ရောက်ကြသည်။ အဆိုပါသင်တန်းများကို စိုက်ပျိုးရေး ရှေ့တန်းစခန်းငါးခု၌ ကျေးလက် စိုက်ပျိုးရေးတောင်သူများကို ဆက်လက်သင်ကြားပို့ချပေးမည်ဖြစ်သည်။ **တင်စိုးလွင်**

# မှန်ကန်သည့်လမ်းကို ရွေးချယ်ကြပါစို့

**သဥ္ဇာ**

လူ့သဘောသဘာဝမှာ ကိုယ်ကရလျှင် ဝမ်းသာတတ်၊ ကျေနပ်တတ်ကြပြီး ကိုယ့်ဆီက လျော့သွားလျှင်မူ ဝမ်းနည်းတတ်၊ နှမြောတတ်ကြပါသည်။ ကျွန်မတို့သည် အချိန်နှင့်အမျှ တစ်ခုခုကို ရရှိရန် လုံးပန်းနေကြရာ ကျွန်မတို့ရလိုက်သော အရာဝတ္ထုတို့သည် အမှန်တကယ်ပင် ကောင်းမွန်နေရန် အရေးကြီးလှပေသည်။

ကျွန်မနေထိုင်ရာ မြို့လေးသည် တောမကျမြို့မကျဒေသလေးဖြစ်သည့်အတွက် လူကြီး လူရွယ် လူငယ်များသည် ရိုးသားပွင့်လင်းကြသည်။ အချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် ရိုင်းပင်းကူညီကြသည်။ မိသားစုဝမ်းရေးလောက်ငစေရန် ဝိုင်းဝန်းဆောင်ရွက်ကြရ၍ လူငယ်လူရွယ် အများစုသည် အတန်းပညာ လက်လှမ်းဝေးကွာကြသည်။ မိသားစု၏ ဝမ်းရေးကို မိမိတို့၏ ပညာရေးနှင့် လဲလှယ်လုပ်ကိုင်ကြရသည့်လူငယ်များ များပြားကြသည်။ အချို့လူငယ်များအနေဖြင့် မိမိတို့၏ မိသားစုကို ပြည့်စုံစွာထားရှိလိုသည့် စိတ်ဆန္ဒများရှိကြရာ ရေကြည်ရာ မြက်နုရာသွားလာရင်း အလုပ်အကိုင်၊ လုပ်ခနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရန် အခွင့်အလမ်းသာသော ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ရန် ကြိုးပမ်းမှုများကို မြင်တွေ့နေရသည်။ ကျွန်မအနေဖြင့် အလုပ်သမားဝန်ကြီးဌာနတွင် လုပ်ကိုင်ခဲ့ဖူးသည့် ဝန်ထမ်းတစ်ဦးဖြစ်၍ တရားမဝင်သွားရောက်ခြင်းမှ ရရှိလာမည့်ဆိုးကျိုးများကို လက်လှမ်းမီသလောက် မျှဝေပေးလေ့ရှိပါသည်။

### ငါးစာသာမြင်ပြီး ငါးမြားချိတ်မမြင်

ကျွန်မတို့ ပတ်ဝန်းကျင်တွင် တိုင်းတစ်ပါးသို့ သွားရောက်လုပ်ကိုင်ပြီး ရရှိသောငွေကြေးပမာဏကို စုစည်း၍ ပြည်တွင်း၌ လုပ်ငန်းများ ထူထောင်ကာ ကြီးပွားတိုးတက်လာသူများကို တွေ့မြင်ရသည်။ ထိုသို့ ကြီးပွားတိုးတက်သည့် လူငယ်များကို အတုယူပြီး လူပွဲစားများ၊ တရားဝင် မှတ်ပုံတင်ထားခြင်းမရှိသော အမည်ခံအေဂျင်စီ/ ကုမ္ပဏီများက ပြည်တွင်းထက် သာလွန်ကောင်းမွန်သော ဝင်ငွေများရရှိမည်ဟု ဖြားယောင်းသွေးဆောင်မှုအပေါ် ငါးစာသာမြင်ပြီး ငါးမြားချိတ်မမြင်သည့် လူငယ်လူရွယ်များ ရှိနေသည်ကို ရင်လေးစွာ တွေ့မြင်နေရပါသည်။

တစ်နေ့တွင် ကျွန်မ၏ ဝမ်းကွဲညီမလေး ဝတ်ရည်(အမည်လွှဲ)က သူတို့သူငယ်ချင်းများ သွားရောက်လုပ်ကိုင်နေကြသည့် ထိုင်းနိုင်ငံမှ အထည်ချုပ်စက်ရုံတစ်ခုတွင် သွားရောက်လုပ်ကိုင်လိုကြောင်း၊ ၎င်းသူငယ်ချင်းများနှင့် ခင်မင်ရင်းနှီးသူ ဒေါ်အေးသန်း(အမည်လွှဲ)နှင့် ချိတ်ဆက်ပြီး ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ရန် ပြင်ဆင်နေကြောင်း ဝမ်းသာအားရ လာပြောပါသည်။ ကျွန်မက "ဒေါ်အေးသန်း(အမည်လွှဲ)က ဘယ်အေဂျင်စီကလဲ၊ တရားဝင် မှတ်ပုံတင်ထားတဲ့ အေဂျင်စီကလား"ဟု မေးရာ ညီမလေးက အေဂျင်စီမှ ဟုတ်၊ မဟုတ် မသိကြောင်း၊ သူငယ်ချင်းက ချိတ်ဆက်ပေး၍ တွေ့ခြင်းဖြစ်ကြောင်း၊ ဝန်ဆောင်ခအနေဖြင့် ကျပ်သိန်း ၃၀ ကို သုံးခါခွဲပြီး ပေးရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတွင် တစ်လလျှင် မြန်မာငွေကျပ် ၃၅ သိန်းခန့်ရမည်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်မက "ဝန်ဆောင်ခငွေ ဘယ်လောက်ပေးပြီးပြီလဲ၊ ဒေါ်အေးသန်း(အမည်လွှဲ)က ဘာတွေလုပ်ပေးပြီးပြီလဲ" မေးခဲ့ရာ ညီမလေးက ၁၀ သိန်း ပေးပြီးပြီဖြစ်ကြောင်း၊ လာမည့်ရက်သတ္တပတ်တွင် Passport ရမည်ဖြစ်ကြောင်း၊ Passport ရပြီးပါက သင်တန်းတက်ရမည်ဖြစ်ကြောင်း စိတ်အားထက်သန်စွာ ပြောပြီး ပြန်သွားပါသည်။ ကျွန်မအနေဖြင့် ပွဲစားနှင့် ချိတ်ဆက်ဆောင်ရွက်မှုကို သဘောမကျသော်လည်း ညီမလေး၏ စိတ်အားထက်သန်မှုကို ပိတ်ပင်လိုခြင်းမရှိ၍ ရင်မောစွာဖြင့် နေခဲ့ရပါသည်။

ညီမလေးပြောခဲ့သည့် Passport ရယူရမည့်နေ့တွင် ကျွန်မအနေဖြင့် ညီမလေးပြောပြလာမည့် သတင်းကို စောင့်ဆိုင်းနေခဲ့ပါသည်။ ညနေစောင်းတွင် မျက်နှာမကောင်းစွာဖြင့် ညီမလေး ရောက်ရှိလာပါသည်။ ကျွန်မက မေးမြန်းခဲ့ရာ Passport ပေးရန် ချိန်းဆိုသောနေရာသို့ သွားရောက်ခဲ့သော်လည်း ဒေါ်အေးသန်း(အမည်လွှဲ)မှာ လာရောက်မှုမရှိခဲ့ကြောင်း၊ ၎င်း၏ လက်ကိုင်ဖုန်းကို ခေါ်ဆိုခဲ့သော်လည်း စက်ပိတ်ထားကြောင်း၊ ပိုက်ဆံများလည်း လက်လွှန်မိသွား၍ မည်ကဲ့သို့ ဆက်လုပ်ရမည်ကို မသိရှိတော့ကြောင်း၊ ၎င်းပိုက်ဆံများကလည်း အခြားသူဆီမှ ချေးငှားပြီး ပေးထားရခြင်းဖြစ်ကြောင်း၊ သတ်မှတ်ထားချိန်တွင် ပြန်မဆပ်နိုင်လျှင် အတိုးများတက်လာမည်ဖြစ်ကြောင်း ငိုကြွေးပြီး ပြောပြလာပါသည်။

အခြားတစ်နေရာမှ ငွေကြေးချေးငှားပြီး ပြည်ပသို့သွားရောက်ရန် ကြိုးစားနေသော မောင်ငယ်၊ ညီမငယ်လေးများ၏ ငွေကြေးလိမ်လည်ခံရသည့် ပြဿနာများစွာကို ကြားမိမှုများ ရှိခဲ့သော်လည်း မိမိ၏ သွေးရင်းသားရင်းတစ်ဦးပင် ယခုကဲ့သို့ ကြုံတွေ့လာခဲ့ရာ ခေတ်ပညာတတ် လူငယ်များအဖို့

> **တရားဝင် မှတ်ပုံတင်ထားသော အေဂျင်စီများနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မဟုတ်ဘဲ ငွေကြေးများပြားစွာ တောင်းခံလျှင် အလုပ်သမားဝန်ကြီးဌာနကို တိုင်ကြားနိုင်သည့်အပြင် တရားဝင် အေဂျင်စီများနှင့် ချိတ်ဆက်သွားရောက်ခြင်းဖြင့် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၏ အကာအကွယ် ရရှိနိုင်မည်ကို သိရှိရန်လို**

အခြားသူကို ယုံကြည်မှုမလွန်ကဲစေရန်နှင့် တိကျသေချာသည့် အရင်းအမြစ်ကို သုံးစွဲပြီးမှသာ ဆောင်ရွက်နိုင်စေရေး အသိပညာရှိရန် လိုအပ်ကြောင်း တွေ့လာရပါသည်။

ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုသည့် လူငယ်လူရွယ်များအနေဖြင့် တရားမဝင်ပို့ဆောင်သူများ၊ ပွဲစားများနှင့် ချိတ်ဆက်ပြီး တစ်ဖက်နိုင်ငံသို့ တရားမဝင် ခိုးဝင်မှုများကြောင့် တစ်ဖက်နိုင်ငံတွင် ဖမ်းဆီးခံနေရခြင်း၊ လူကုန်ကူးခံရခြင်း၊ လိမ်လည်ခံရခြင်း၊ အလုပ်လုပ်ကိုင်ရာ၌လည်း လုပ်ခနှင့် အခွင့်အရေးတို့ အပြည့်အဝ မရရှိခြင်း၊ ဥပဒေ၏အကာအကွယ် မရရှိခြင်း စသည်ဖြင့် ဆုံးရှုံးနစ်နာမှုများစွာ ရှိခြင်းတို့ကို မကြာခဏ ကြားနေရပါသည်။ အချို့မှာ သွားရောက်လုပ်ကိုင်ပြီးမှ အဆင်မပြေသဖြင့် မိခင်နိုင်ငံမှ ပြည်ပသို့သွားသည့် စရိတ်ကိုပင် ကာမိအောင်မရရှိဘဲ အကြွေးဖြင့် ပြန်လာရခြင်းများကို စိတ်မကောင်းစွာ ကြားနေရသည်။

### တရားဝင် သွားရောက်လုပ်ကိုင်နိုင်အောင်

ကျွန်မတာဝန်ထမ်းဆောင်ခဲ့သော အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသည့် လူငယ်လူရွယ်များအား အလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများဖြင့် တရားဝင်သွားရောက်လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးနေကြောင်း မောင်ငယ်၊ ညီမငယ်များ သိရှိရန် လိုအပ်ပါသည်။ အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေး ရည်ရွယ်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်၊ ပြည်ပသို့ စနစ်တကျ သွားရောက်လုပ်ကိုင်နိုင်ရန်၊ ပြည်ပအလုပ်အကိုင်အမျိုးအစားအလိုက် ရရှိခဲ့သော အတွေ့အကြုံနှင့်နည်းပညာများ၊ အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျ ပြန်လည်အသုံးချဆောင်ရွက်ရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရန်နှင့် ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိခံစားနိုင်ရန်၊ အခက်အခဲရှိပါက ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများ၊ အလုပ်သမားသံအရာရှိများနှင့် ဆက်သွယ်ဆောင်ရွက်ရန်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမား သက်သေခံကတ်ပြား(Overseas Worker Identification Card-OWIC) လျှောက်ထားခြင်းများ ဆောင်ရွက်ပေးနေသည်ကို မောင်ငယ် ညီမငယ်များအနေဖြင့် သိရှိရန် လိုအပ်ပါသည်။

### တရားဝင်အေဂျင်စီစာရင်းများ

ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများအနေဖြင့် ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရန် အလုပ်သမားဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mol.gov.mm နှင့် Safe Migration Facebook Page တွင် လွှင့်တင်ထားသည့် တရားဝင် မှတ်ပုံတင်ထားသော အေဂျင်စီစာရင်းများကို ကနဦးကြည့်ရှုရမည်ဖြစ်ပါသည်။ အကယ်၍ ကြားခံပွဲစားများက စည်းရုံးမှုများ ရှိလာလျှင် ထိုပွဲစားများသည် တရားဝင်မှတ်ပုံတင်ထားသော အေဂျင်စီများ၏ နယ်ကိုယ်စားလှယ် ဟုတ်၊ မဟုတ် အေဂျင်စီများမှ တစ်ဆင့် ဆက်သွယ်စုံစမ်းရန် လိုအပ်ပါသည်။ လိုအပ်လျှင် အလုပ်သမားဝန်ကြီးဌာန၏ တယ်လီဖုန်းအမှတ် ၀၆၇-၄၃၀၁၈၃၊ ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀၁၈၅၊ ၀၆၇-၄၃၀၂၈၄ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း မောင်ငယ်ညီမငယ်များ သိရှိထားရန် လိုအပ်ပါသည်။ ယနေ့ခေတ်ကာလသည် Social Media Platform ကို ကျယ်ပြန့်စွာ သုံးစွဲလျက်ရှိသောကြောင့် Safe Migration Facebook Page ကို အသုံးပြုပြီး မိမိသိလိုသည်များကို အချိန်နှင့်တစ်ပြေးညီ မေးမြန်းနိုင်ကြောင်း မောင်ငယ်၊ ညီမငယ်များ သတိပြုမိရန် လိုအပ်ပါသည်။

၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများသည် ဥပဒေ၊ အမိန့်ကြော်ငြာစာများတွင် ပြဋ္ဌာန်းပါရှိသည့် အေဂျင်စီများလိုက်နာရမည့် စည်းကမ်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ပြီး ဥပဒေအရ သတ်မှတ်ထားသော ဝန်ဆောင်ခကိုသာ အလုပ်သမားထံမှ တောင်းဆိုခွင့်ရှိသည့်အတွက် မောင်ငယ်၊ ညီမငယ်များအနေဖြင့် တစ်နိုင်တစ်ပိုင် ငွေကြေးများဖြစ်၍ ငွေကြေးချေးငှားခြင်း အခက်အခဲများမှ ကျော်လွှားနိုင်မည် ဖြစ်ပါသည်။ တရားဝင် မှတ်ပုံတင်ထားသော အေဂျင်စီများနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ မဟုတ်ဘဲ ငွေကြေးများပြားစွာ တောင်းခံလျှင် အလုပ်သမားဝန်ကြီးဌာနကို တိုင်ကြားနိုင်သည့်အပြင် တရားဝင် အေဂျင်စီများနှင့် ချိတ်ဆက်သွားရောက်ခြင်းဖြင့် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၏ အကာအကွယ်ရရှိနိုင်မည်ကို မောင်ငယ်ညီမငယ်များ သိရှိရန် လိုအပ်ပါသည်။

တစ်ဖက်မှာကြည့်ရင်လည်း တရားမဝင်သွားရောက်သူများအနေဖြင့် ဥပဒေနှင့်အညီ အလုပ်သမားအခွင့်အရေးများ မရရှိနိုင်သည့်အပြင် လွတ်လပ်စွာ သွားလာခြင်း၊ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ခြင်းကဲ့သို့သော အခွင့်အရေးများကို ဆုံးရှုံးနေကြပါသည်။ တရားမဝင်လမ်းကြောင်းများမှ သွားရောက်သူများမှာ ပွဲစားများ၏ ငွေလိမ်လည်မှုများကိုလည်း မကြာခဏ ကြုံတွေ့နေကြရပြီး ၎င်းငွေများကို ချေးငှားထားခြင်းဖြစ်ပါက ပြန်လည်ပေးဆပ်နိုင်မှုမရှိ၍ အတိုးနှုန်း မြင့်မားစွာ ပေးဆပ်နေရသည်ကို စိတ်မကောင်းစွာ ကြားသိနေရပါသည်။ မောင်ငယ်၊ ညီမငယ်များအနေဖြင့် ယခုကဲ့သို့ တရားမဝင်ပွဲစားများကို ရှောင်ရှားပြီး ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့်သာ တရားဝင် ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုကိုရရှိနိုင်မည် ဖြစ်ပါသည်။

### မှန်ကန်သည့် ရွေးချယ်မှုဖြင့်သာ

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုသည့် အလုပ်သမားများအတွက် တရားဝင်မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် MoU စနစ်ဖြင့် တရားဝင်သွားရောက်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊ တရားမဝင်သွားရောက်သည့် လုပ်သားများကိုလည်း တရားဝင်သွားရောက်သည့် လုပ်သားများကဲ့သို့ နှစ်နိုင်ငံညှိနှိုင်း၍ CI နှင့် OWIC ကတ်များ ထုတ်ပေးခြင်း၊ မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ ရရှိနိုင်ရေးအတွက် မြန်မာအလုပ်သမား အများဆုံး သွားရောက်အလုပ်လုပ်ကိုင်သည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ထားရှိ၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့် ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသကဲ့သို့ အလုပ်သမားများအနေဖြင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်ခြင်းမှ လူမှုစီးပွားဘဝတိုးတက်လာခြင်း၊ လုပ်ငန်းခွင်အတွေ့အကြုံ ဗဟုသုတများ ရရှိလာခြင်း၊ သင့်လျော်ကောင်းမွန်သည့် ဝင်ငွေရရှိလာခြင်း၊ မိသားစုလွှဲပို့ငွေမှတစ်ဆင့် နိုင်ငံတော်၏ GDP မြင့်တက်လာခြင်း၊ နိုင်ငံအတွက် ဝင်ငွေခွန်များ ရရှိခြင်းစသည့် အကျိုးကျေးဇူးများ ရလာသည်သာမက ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများအနေဖြင့် မိခင်နိုင်ငံသို့ ပြန်လာပါက Skillful Person များ ဖြစ်လာသည့်အတွက် မိမိတို့နိုင်ငံ၏ လုပ်ငန်းခွင်များတွင် အားကိုးအားထားပြုရသည့် လုပ်သားကောင်းများ ဖြစ်လာနိုင်စေ၍ မှန်ကန်သည့်ရွေးချယ်မှုဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော တရားဝင် အေဂျင်စီများဖြင့်သာ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စေလိုပါကြောင်း တိုက်တွန်းရေးသား ဖော်ပြလိုက်ရပါတော့သည်။ ။

# တောင်ကြီးမြို့၌ နွေရာသီအခြေခံ အားကစားသင်တန်းဆင်း၊ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံသူရများကို ဂုဏ်ပြုချီးမြှင့်

**တောင်ကြီး မေ ၂**

၂၀၂၄ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲကို မေ ၁ ရက် နံနက် ၉ နာရီက ပြည်နယ် လေ့ကျင့်ရေးအားကစား ရုံ၌ ကျင်းပသည်။

နွေရာသီအခြေခံအားကစား သင်တန်းဆင်းပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ရသည့်ရည်ရွယ်ချက်မှာ လူငယ်မောင်မယ်များ ဗလ ငါးတန် ဖွံ့ဖြိုးတိုးတက်ပြီး အားကစား အသိစိတ်ဓာတ်များ ပိုမိုသက်ဝင် ယုံကြည်ကာ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေး၊ မိမိဝါသနာပါရာ အားကစားနည်းများကို လေ့ကျင့်လိုက်စားစေခြင်းဖြင့် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေး၊ နွေရာသီအခြေခံအားကစား သင်တန်းများမှ ဗီဇပါရမီရင့်သန်၍ အောင်မြင်မှု အလားအလာရှိသော ရွက်ပုန်းသီးမျိုးဆက်သစ် အားကစားသမားကောင်းများ ပေါ်ထွက်လာပြီး ဆက်လက်လေ့ကျင့်ပေးသွားနိုင်ရေး၊ ကျောင်းသား ကျောင်းသူများ နွေရာသီအားလပ်ရက်ကို အကျိုးရှိစွာ အသုံးချတတ်လာစေရေးအတွက် ရည်ရွယ် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းသား လူငယ်မောင်၊ မယ်များအနေဖြင့် သင်တန်းမှရရှိလာမည့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကို အခြေခံကာ အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာကြပြီး ရှမ်းပြည်နယ်၏ဂုဏ်ဆောင် နိုင်ငံတော်၏ ဂုဏ်ဆောင်အားကစားသမားကောင်းများဖြစ်လာအောင် ဆက်လက်ကြိုးစားကြရန် ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာများ၊ သင်တန်းဆင်းလက်မှတ်၊ နွေရာသီအခြေခံအားကစားအလိုက် ထူးချွန်ဆုရရှိသူများနှင့် ဘင်ခရာတပ်ဖွဲ့ ပေါ်မူ



လမ်းပြကြယ် နွေရာသီအခြေခံ ဘောလုံးသင်တန်းမှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မန္တလေးဘောလုံး အကယ်ဒမီကျောင်းတွင် တက်ရောက်ခွင့်ရရှိပြီး U-12၊ U-13၊ U-11 မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံသူရများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ကြပြီး သင်တန်းသား သင်တန်းသူများမှ မြန်မာသိုင်း၊ တိုက်ကွမ်ဒိုတို့ဖြင့် သရုပ်ပြသကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# စလင်းမြို့နယ် နွေစပါး ဧက ၁၃၀၀ နှင့် နွေနှမ်း ဧက ၂၆၈၁၀ အတွက် စိုက်ပျိုးရေလုံလောက်စွာပေးဝေ

**စလင်း မေ ၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း နွေစပါး ဧက ၁၃၀၀ နှင့် နွေနှမ်း ဧက ၂၆၈၁၀ စိုက်ပျိုးရန် လျာထားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ စိုက်ပျိုးရေများ လုံလောက်စွာပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စလင်းမြို့နယ်အတွင်း ကျေးရွာအုပ်စု ငါးစုမှ တောင်သူ ၉၉၅ ဦး၊ ကွင်း ၁၀ ကွင်းတွင် နွေစပါးစိုက်ပျိုးလုပ်ကိုင်ကြစေရန်အတွက် စိုက်ပျိုးရေကို ဖေဖော်ဝါရီ ၁၅ ရက်တွင်လည်းကောင်း၊ နွေနှမ်းအတွက် စိုက်ပျိုးရေကို မတ် ၇ ရက်တွင်လည်းကောင်း စတင်ပေးဝေခဲ့ရာ ရေရရှိမှုအခြေအနေနှင့် ထွန်ယက်စိုက်ပျိုးမှုအခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ မေ ၁ ရက်က ကွင်းဆင်းကြည့်ရှုသည်။



နွေစပါးနှင့် နွေနှမ်းများ စိုက်ပျိုးနိုင်ရန်အတွက် စလင်းတမံမှရေကို လင်းဇင်းဆည်မှ တစ်ဆင့် စိုက်ပျိုးရေပေးဝေခဲ့ရာ ယခုအခါ စိုက်ပျိုးပြီး နွေစပါးဧက ၅၀၀ ကျော် ရှိနေပြီဖြစ်သည်။ ထို့ပြင် စလင်း၊ လင်းဇင်းနှင့် မဲဇလီဆည်ရေသောက် နွေနှမ်းစိုက်ဧရိယာများအတွက် စိုက်ပျိုးရေလုံလောက်စွာ ရရှိသည့်အတွက် တောင်သူများအနေဖြင့် ဧက ၂၆၈၁၀ အထိ လျာထားချက်ထက်ကျော်လွန်စိုက်ပျိုးနိုင်ရန် ရည်မှန်းထားကြောင်း သိရသည်။

ယခုနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများအား စိုက်ပျိုးရေ ပြည့်ဝစွာ ပေးဝေနိုင်ရေးအတွက် ရေတံခါး အငယ်များ၊ ရေမြောင်းများတိုးချဲ့ ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်ထံမှ သိရသည်။

**မောင်လွင် (စလင်း)**




# ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ မျက်စိအထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသ

**ညောင်ဦး မေ ၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီ ရရှိရေးနှင့် ပြည်သူများစိုက်ထုတ် ကုန်ကျရသော ဆေးကုသမှုစရိတ် လျှော့နည်းကျဆင်းစေရန် ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက်မှစတင်ကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

မျက်စိအထူးကုဆရာဝန်ကြီးများ ပါဝင်သော မျက်စိအထူးကုသရေးအဖွဲ့သည် မတ် ၃၀ ရက်တွင် ညောင်ဦးခရိုင် ခုတင် (၂၀၀) ဆံ့ ပြည်သူ့ ဆေးရုံကြီး၌ မျက်စိဝေဒနာရှင် ၂၂၈ ဦး၊ အတွင်းတိမ် ခွဲစိတ်မှု ၃၀ နှင့် အခြားခွဲစိတ်မှုနှစ်ဦးတို့အား အောင်မြင်စွာ စစ်ဆေး၊ ခွဲစိတ်၊ ကုသပေးခဲ့ကြောင်းညောင်ဦး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်းထံမှ သိရသည်။

မျက်စိအထူးကုသရေးအဖွဲ့က လူနာများအား ဆေးကုသပေးနေမှုများကို ညောင်ဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် အဖွဲ့၊ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်မြင့်ထွန်း၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးပရဟိတအသင်းများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြပြီး ဆေးကုသမှုများကို မေ ၅ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ဒီပါလင်း**

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"အကြမ်းဖက်သမားများကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးခဲ့သူများအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမှု"** ခေါင်းစဉ်ဖြင့် မေ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက်သမားများကို အလိုမရှိသော ငြိမ်းချမ်းစွာ နေထိုင်လိုသည့် ပြည်သူများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံ ပဲမျိုးစုံသီးနှံ ဧက ၇၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ မေ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲမျိုးစုံသီးနှံ ဧက ၇၂၀၁၀ ရိတ်သိမ်းခြွေလှေ့ပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ပဲမျိုးစုံသီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန်နှင့် တောင်သူသီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ပဲမျိုးစုံသီးနှံစိုက်ပျိုးမှုအနေဖြင့် ၃၈၀၈၄ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၃၆၉၇ ဧက၊ ပဲကြား ၃၉၃ ဧက၊ စားတော်ပဲ ၃၁၉၂ ဧက၊ ကုလားပဲ ၅၂၀၅၁ ဧက၊ ပဲလွမ်း ၃၂၃၃ ဧက၊ ပဲနောက် ၄၁၇ ဧက၊ ပဲယဉ်း ၂၁၅ ဧက၊ ထောပတ်ပဲ ၇၇၃၅ ဧက၊ အခြားပဲ ၉၄၅ ဧက စုစုပေါင်း ပဲမျိုးစုံသီးနှံ ဧက ၇၂၀၁၀ စိုက်ပျိုးနိုင်ခဲ့သဖြင့် သတ်မှတ်လျာထား ဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့သည်။

''အခုနှစ် ဆောင်းသီးနှံပဲမျိုးစုံကို ဖေဖော်ဝါရီလက စတင်ရိတ်သိမ်းခဲ့ပြီး မတ်လကုန်မှာ ရာနှုန်းပြည့် ရိတ်သိမ်းခြွေလှေ့ပြီးစီးတာ ဖြစ်ပါတယ်။ တစ်ဧက သီးနှံအထွက်နှုန်းအနေနဲ့ဆိုရင် မတ်ပဲ ၁၆ ဒသမ ၂၅ တင်း၊ ပဲနောက် ၁၂ တင်း၊ ကုလားပဲ တင်း ၂၀ ဒသမ ၅၀၊ စားတော်ပဲ ၁၈ တင်း၊ ပဲယဉ်း ကိုးတင်း၊ ပဲလွမ်း ၁၆ တင်းခွဲ၊ ထောပတ်ပဲ ၂၇ တင်း၊ အခြားပဲသီးနှံ ၁၅ တင်းနှုန်း ထွက်ရှိပါတယ်''ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ **လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လုပ်ကိုင်နေသည့် မင်္ဂလာဒုံမြို့မှ C Max လူသုံးကုန်ပစ္စည်း

တွေ့ဆုံမေးမြန်း– သိန်းထွန်းအောင်၊ ဓာတ်ပုံ– ငွေးလင်း

**နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME လုပ်ငန်းကဏ္ဍသည် အရေးပါလျက်ရှိရာ နိုင်ငံတော်က MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်သည် စက်မှုဇုန်နယ်မြေဖြစ်သည့် အားလျော်စွာ စက်ရုံ၊ အလုပ်ရုံများဖြင့် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး ထိုသို့ လုပ်ကိုင်ခြင်းကြောင့် အလုပ်အကိုင်များ ရရှိစေခြင်းနှင့် ပြည်ပလူသုံးကုန်ပစ္စည်းများကို အစားထိုးနိုင်သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌ပင် ဈေးသက်သာစွာဖြင့် ဝယ်ယူနိုင်အောင် ထုတ်လုပ်ပေးနိုင်သည့် လုပ်ငန်းရှင်များ ပေါ်ထွက်လာသည်။ စက်မှုအတတ်ပညာဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းဖြစ်သော C Max လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လျက်ရှိသည့် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်ရှိ လုပ်ငန်းရှင် ဦးသီဟဘော်ဇံနှင့် တွေ့ဆုံမေးမြန်းမှုများကို ရေးသားဖော်ပြလိုက်ပါသည်–**

မေး ။ ။ လူသုံးကုန်ပစ္စည်းလုပ်ငန်းကို ဘယ်အချိန်က စတင်လုပ်ကိုင်လာခဲ့တယ်ဆိုတာ သိချင်ပါတယ်။

ဖြေ ။ ။ C Max လူသုံးကုန်ပစ္စည်းလုပ်ငန်းကို ၂၀၂၂ ခုနှစ်အောက်တိုဘာလက စတင်ခဲ့တာဆိုတော့ တစ်နှစ်ကျော်ရှိပါပြီ။ ကျွန်တော်က အဓိကလုပ်တာ ဈေးကွက်ရှာဖွေရေးနဲ့ ကုန်ပစ္စည်းဖြန့်ချိရေး၊ ရောင်းချရေး Marketing ပေါ့။ လက်ရှိကုန်ပစ္စည်းထုတ်လုပ်ရေးကိုတော့ ကျွန်တော့်ဇနီး ဒေါ်တင်မိုးဝေကပဲ သူ့ရဲ့ကိုယ်ပိုင်ဖော်မြူလာနဲ့ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

မေး ။ ။ လုပ်ငန်းအတွက် ကုန်ကြမ်းပစ္စည်းတွေကို ဘယ်မှာဝယ်ယူရပါသလဲ။

ဖြေ ။ ။ ကုန်ကြမ်းပစ္စည်းတွေရရှိဖို့အတွက် ထိုင်းနိုင်ငံကထုတ်လုပ်တဲ့ ဓာတုကုန်ကြမ်းကို မှာယူပြီးတော့ တိုက်ရိုက်တင်သွင်းတဲ့စနစ်နဲ့ ဝယ်ယူရပါတယ်။ ဒါပေမယ့် ဘူး၊ပန့်၊ Logo တံဆိပ်စတဲ့ အခြားသော ကုန်ကြမ်းပစ္စည်းတွေကတော့ တရုတ်နိုင်ငံက ထုတ်တာတွေကို ဝယ်ယူရပါတယ်။

**မေး ။ ။ လက်ရှိဈေးကွက် အနေအထားက ဘယ်လိုရှိပါသလဲ။**

ဖြေ ။ ။ လက်ရှိဈေးကွက် အနေအထားအရဆိုလို့ရှိရင် စတင်ပြီးလုပ်တဲ့အချိန်တုန်းကထက်တော့ ကောင်းမွန်လာတဲ့ဈေးကွက်အနေအထားမှာရှိပါတယ်။ ဒီမှာဘာသွားတွေ့လဲဆိုတော့ ပြည်ပကဝင်လာတဲ့ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မျက်နှာသစ်ဆပ်ပြာတွေက ဈေးအဆမတန်များနေတဲ့အခါ အခြေခံလူတန်းစား၊ လူလတ်တန်းစားတွေအတွက် သိပ်လက်လှမ်းမမီချင်တော့တဲ့ အနေအထားဖြစ်လာတယ်။ အဲဒီတော့ ကျွန်တော်တို့ ရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ မျက်နှာသစ် ဆပ်ပြာတွေ၊ အထူးသဖြင့် အဝတ်လျှော်ဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာဆီတွေကို ဈေးကွက်အတွင်းရောင်းအားလည်း ပိုရလာတာတွေ့ရပါတယ်။

မေး ။ ။ လက်ရှိကုန်ပစ္စည်း ဘယ်နှမျိုးထုတ်လုပ်ပြီး လုပ်ကိုင်ဆောင်ရွက်နေပါသလဲ။

ဖြေ ။ ။ C Max လူသုံးကုန်ပစ္စည်းလုပ်ငန်းမှ လုပ်ကိုင်နေတာက ရေချိုးဆပ်ပြာငါးမျိုး၊ မျက်နှာသစ် ဆပ်ပြာ သုံးမျိုး၊ ဆန်ခေါင်းလျှော်ရည်၊ ပန်းကန်ဆေးဆပ်ပြာဆီ၊ အထည်ပျော့ အဝတ်လျှော်ဆပ်ပြာဆီမွှေးတွေဆိုတော့ လက်ရှိမှာ ဆပ်ပြာအမျိုးအစားပေါင်း ၁၁ မျိုး ထုတ်လုပ်ထားပြီးပါပြီ။

မေး ။ ။ ရေချိုးဆပ်ပြာနဲ့ မျက်နှာသစ်ဆပ်ပြာတွေကို ဘယ်လိုထုတ်လုပ်ထားပါသလဲ။

ဖြေ ။ ။ ရေချိုးဆပ်ပြာတွေထဲမှာ အသားအရေကို စိုပြည်လှပစေတဲ့ Collagen ပါတာကတော့ ပန်းသီးစိမ်းရနံ့ ရေချိုးဆပ်ပြာနဲ့ စံပယ်ရနံ့ရေချိုးဆပ်ပြာဖြစ်ပြီးတော့ ပုံမှန်ရေချိုးဆပ်ပြာအနေနဲ့ လာဗင်ဒါပန်းရနံ့ ရေချိုးဆပ်ပြာ၊ အပြာရောင်ဘယ်ရီသီးရနံ့ ရေချိုးဆပ်ပြာ၊ ချယ်ရီပန်းရနံ့ ရေချိုးဆပ်ပြာတွေက Collagen မပါပေမယ့်လည်း အသားအရေချောမွေ့စေတဲ့ Vitaman–E၊ အသားပပ်မှုမှ ကာကွယ်ပေးတဲ့ သံလွင်ဆီပါပြီး ဆပ်ပြာ Cream ငါးမျိုးလုံးမှာသုံးတဲ့ မွှေးရနံ့တွေကတော့ အကောင်းဆုံး ရေမွှေးတွေကို အသုံးပြုထားပါတယ်။ မျက်နှာသစ်ဆပ်ပြာအနေနဲ့ကတော့ ပျားရည်နနွင်း မျက်နှာသစ်ဆပ်ပြာ၊ ရွှေရှားစောင်း မျက်နှာသစ်ဆပ်ပြာ၊ သခွားမွှေးမျက်နှာသစ်ဆပ်ပြာတွေကို ထုတ်လုပ်ထားပါတယ်။ ဒီမှာ ပျားရည် နနွင်းကတော့ မျက်နှာမှာ မှဲ့ခြောက်၊ တင်းတိပ်၊ နေလောင်ပြီး အမည်းကွက်ဖြစ်တဲ့သူတွေအတွက် ရည်ရွယ်ပါတယ်။ ရွှေရှားစောင်းကတော့ ရွှေပါဝင်တဲ့အတွက် မျက်နှာက ဆဲလ်သေတွေကို ဖယ်ထုတ်ပေးတာ အလွန်ကောင်းပါတယ်။ ရှားစောင်းကတော့ လူ့အရေပြားကို ရေဓာတ်ဖြည့်ပေးတဲ့အတွက် မျက်နှာအရေပြားကို တင်းရင်းစေပါတယ်။ ရွှေရဲ့ထူးခြားချက်က အိုမင်းမှုကို နှေးကွေးစေပါတယ်။ သခွားမွှေးမျက်နှာသစ်ဆပ်ပြာကတော့ သဘာဝ Collagen ဖြစ်တဲ့ ကင်းပုံရွက်ရဲ့ အဆီပါဝင်တဲ့အတွက် မျက်နှာမှာဖြစ်ပေါ်နေတဲ့ အရေးအကြောင်းနဲ့ အရေပြားတွန့်တာတွေကို သိသိသာသာ ပျောက်ကင်းစေတယ်။ မျက်နှာက ဆဲလ်သေတွေကို လျော့နည်းစေတဲ့အတွက် အိုမင်းမှုကို အတိုင်းအတာတစ်ခုအထိ လျော့ကျစေတယ်။ မျက်နှာသစ်ဆပ်ပြာသုံးမျိုးစလုံးကို သဘာဝပစ္စည်းတွေပဲ အဓိကသုံးထားပါတယ်။

မေး။ ။ ခေါင်းလျှော်ရည်နဲ့ဆပ်ပြာဆီတွေကို ဘယ်လိုထုတ်လုပ်ထားပါသလဲ။

ဖြေ ။ ။ ဆန်ခေါင်းလျှော်ရည်ကတော့ ဆန်ကို အဓိကထားပြီး ထုတ်လုပ်ထားတယ်။ ဆန်ရဲ့ဂုဏ်သတ္တိကတော့ ဆံပင်ကျွတ်တာ အလွန်နည်းသွားမယ်၊ ဖောက်သေမယ်၊ ဖောက်ပျောက်မယ်။ ပြီးတော့ ဆံပင်အမြီးနှစ်ခွဖြစ်တာ၊ ဆံပင် ထပ်ကာတလဲလဲ ဆေးဆိုးရသူတွေ၊ မွေးရာပါဆံသားပါးပြီး ဆံပင်ကြဲသူတွေအတွက် ကောင်းမွန်တဲ့ သဘာဝထုတ်ကုန်ပစ္စည်း ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကုန်ပစ္စည်းကတော့ ဈေးကြီးပေးဝယ်ရတဲ့ နိုင်ငံခြားကတင်သွင်းတဲ့ အခြားသော ဆန်ခေါင်းလျှော်ရည်တွေနဲ့ အာနိသင်ပိုင်းအရရော အရည်အသွေးပိုင်းအရပါ မွှေးရနံ့ပိုင်းဆိုင်ရာ ယှဉ်လို့ရပါတယ်။ ပန်းကန်ဆေးဆပ်ပြာဆီကတော့ ဓာတုပစ္စည်းမပါဝင်တဲ့အတွက် လူကိုအန္တရာယ်ဖြစ်စေမှာ စိတ်မပူရဘူး။ ဟင်းသီးဟင်းရွက်၊ အသီးအနှံတွေလည်း ဆေးကြောလို့ရတယ်။ ဈေးကွက်ထဲပေါက်ရောက်နေတဲ့ နာမည်ကြီး brand တွေနဲ့ယှဉ်ရင် ဈေးနှုန်းအရ အများကြီးသက်သာမယ်။ စတီး၊ ကြွေသားတို့ကို ဆေးကြောရာမှာလည်း အကြွင်းအကျန် မရှိသည်အထိ ဆေးကြောနိုင်တယ်။ နောက်ဆုံးထုတ်ထားတဲ့ အထည်ပျော့ အဝတ်လျှော်ဆပ်ပြာကတော့ 3 in 1 ဖြစ်တဲ့အတွက် ဒီအဝတ်လျှော်ဆပ်ပြာကို သုံးပြီးတာနဲ့ အမွှေးဆီရော အထည်မွှေးဆေးပါ သုံးစရာမလိုတော့ဘူး။ ကြေးချွတ်အား အထူးကောင်းတယ်။ အမွှေးရနံ့ကလည်း လျှော်ဖွပ်ပြီး မီးပူတိုက်ပြီးတဲ့အထိ ကျန်ရစ်နေမယ်။ အမြှုပ်ထွက်အားလည်း ကောင်းတယ်။ ကျွန်တော်တို့လုပ်ငန်းကထုတ်တဲ့ ဆပ်ပြာအားလုံး ရေအမျိုးအစားမရွေးပါဘူး။

မေး ။ ။ လူသုံးကုန်ပစ္စည်းတွေ ဖြန့်ချိမှုအခြေအနေကို ပြောပြပေးပါ။

ဖြေ ။ ။ ရန်ကုန်မှာဆိုရင် မင်္ဂလာဒုံစက်မှုဇုန်၊ ကုန်းတလဘောင်၊ ထောက်ကြန့်၊ သာကေတ၊ ရွှေပေါက်ကံတွေမှာ ကိုယ်စားလှယ်ရှိတယ်။ နယ်ဝေးအနေနဲ့ နေပြည်တော်၊ မြစ်ကြီးနားဘက်မှာလည်း ကိုယ်စားလှယ်တွေထားပြီး ဖြန့်ချိနေပါတယ်။ အွန်လိုင်းမှာဆိုလို့ရှိရင် City Mall Online ကလည်း တစ်ပတ်လုံး ပိတ်ရက်မရှိ Door to Door စနစ်နဲ့ ပို့ဆောင်ပေးနေပါတယ်။ ဒ့ါအပြင် Shop.com ရယ်၊ ကျွန်တော်တို့ ကိုယ်ပိုင်လူမှုကွန်ရက် facebook ရယ်၊ C Max လူသုံးကုန်ပစ္စည်းလုပ်ငန်း Page ကနေလည်း ဖြန့်ချိဆောင်ရွက်နေပါတယ်။

မေး ။ ။ ဒီလုပ်ငန်းထဲမှာ အလုပ်သမားတွေ ရပ်ကွက်ထဲကပါသလား။

ဖြေ ။ ။ ဟုတ်ကဲ့...ပါပါတယ်။ ဒီအလုပ်ထဲမှာ ကျွန်တော်ရယ်၊ ဇနီးရယ်၊ ရပ်ကွက်ထဲက ဒေသခံနှစ်ယောက်ဆိုတော့ လက်ရှိ အလုပ်သမားလေးယောက်နဲ့ ပုံမှန်လည်ပတ်အောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါတယ်။

မေး ။ ။ ဒီလုပ်ငန်းက ဒေသခံတွေအတွက် အကျိုးသက်ရောက်မှု ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ ဒေသခံတွေအတွက်တော့ C Max လုပ်ငန်းက ထုတ်လုပ်တဲ့ ပစ္စည်းတွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းချပေးတဲ့အတွက် ဈေးနှုန်းသက်သာစွာနဲ့ ဝယ်ယူသုံးစွဲနိုင်တယ်။ အလုပ်သမားတွေကလည်း ခရီးစရိတ်၊ထမင်းစရိတ်မကုန်ဘဲ ကိုယ့်ရပ်ကိုယ့်ဒေသမှာ အလုပ်အကိုင်အခွင့်အလမ်း ရရှိကြတယ်။ မိသားစုစားဝတ်နေရေးကိုလည်း အထောက်အပံ့ ဖြစ်စေပါတယ်။ ပြီးတော့ အခါအားလျော်စွာ သင်တန်းတွေ ဖွင့်လှစ်ပေးပါတယ်။ လုပ်ငန်းခွင်အန္တရာယ် မဖြစ်ပေါ်အောင် အသိပညာဗဟုသုတတွေ မျှဝေပေးပါတယ်။

မေး ။ ။ အကျိုးအမြတ်အခြေအနေ ဘယ်လိုရှိပါသလဲ။

ဖြေ ။ ။ အခုလက်ရှိလုပ်ကိုင်နေတဲ့ ပစ္စည်းတွေအတိုင်းဆိုရင်တော့ နှစ်စဉ်စာရင်းတွက်ချက်မှုအရ အရှုံးပေါ်တာတော့ မရှိပါဘူး။ သင့်တင့်တဲ့အမြတ်ကို ရရှိပါတယ်။ ကိုယ့်အိတ်ထဲကနေ ထပ်မံစိုက်ထုတ်စရာမလိုဘဲ ကနဦးရင်းနှီးမတည်ငွေနဲ့ လုပ်ငန်းပုံမှန်လည်ပတ်နိုင်တယ်။ အခုဆိုရင် တစ်နှစ်ခွဲကျော်ကာလ ရှိလာပါပြီ။

မေး ။ ။ လုပ်ငန်းလုပ်ကိုင်တဲ့အခါ အခက်အခဲတွေရှိရင်လည်း ပြောပြပေးပါ။

ဖြေ ။ ။ ဒီလုပ်ငန်းမှာ လုပ်ကိုင်ရတဲ့အခါ ကြုံရတာက ဒေသထုတ်ကုန်တွေကို ဝယ်ယူသုံးစွဲသူတွေအနေနဲ့ ယုံကြည်မှုအားနည်းတာတွေတော့ ရှိပါတယ်။ တစ်ဖက်မှာ ဈေးဝယ်စင်တာတွေပေါ် တင်ရောင်းချနိုင်တဲ့ အခွင့်အလမ်းမရရှိသေးဘူး။ ဒါတွေကိုလည်း တဖြည်းဖြည်းနဲ့ ကျော်ဖြတ်နိုင်တဲ့အထိ ကြိုးစားဆောင်ရွက်သွားမှာပါ။

မေး ။ ။ ဒီလုပ်ငန်းအပေါ်မှာ ရှေ့ဆက်လုပ်ဆောင်ဖို့အတွက် ဘယ်အထိ မျှော်မှန်းချက်ထားရှိပါသလဲ။

ဖြေ ။ ။ အခုလုပ်နေတာကတော့ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းပဲရှိပါသေးတယ်။ ဒီလုပ်ငန်းကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းသယ်ယူလုပ်ကိုင်သွားနိုင်ဖို့ ရည်ရွယ်ပါတယ်။ အခု တစ်ပိုင်တစ်နိုင်လုပ်ငန်းကို တိုးချဲ့ပြီး လုပ်ကိုင်နိုင်အောင်လည်း ရှေ့ဆက်လုပ်ဆောင်မယ့် ကုန်ပစ္စည်းတွေ ဓာတ်ခွဲလုပ်တာအောင်မြင်ရင်တော့ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အကျိုးပြုနိုင်တဲ့ စက်မှုကုန်ထုတ်လုပ်ငန်း ဖြစ်လာအောင် မျှော်မှန်းပြီး ဆက်လက်ကြိုးစားသွားဖို့ရှိပါတယ်။ ။



## ကရင်စာပေသင်တိုင်းရင်းသား ဘာသာပြဆရာ/ဆရာမများ စာပေမွမ်းမံသင်တန်းဖွင့်



ဘားအံ မေ ၂

ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော ကရင်စာပေသင် တိုင်းရင်းသားဘာသာပြ ဆရာ/ဆရာမများ စာပေမွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၈ နာရီက ကရင်ကျောင်းသားများရိပ်သာ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် လှိုင်းဘွဲ့မြို့နယ် မဲဆမိတ်ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒရ က အဖွင့်သြဝါဒကထာ မြွက်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်စာပေ တိုင်းရင်းသားဘာသာပြ ဆရာ/ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသော ဆရာ/ဆရာမများ အနေဖြင့် သင်တန်းမှပို့ချသည့် သင်ခန်းစာများကို အပတ်တကုတ်ကြိုးစားလေ့လာသင်ယူပြီး လက်ဆင့်ကမ်းပြန်လည်သင်ပြနိုင်သော ဆရာ/ဆရာမကောင်းများ ဖြစ်အောင် ဆောင်ရွက်စေလိုကြောင်းနှင့် မိမိတို့ စကား၊ စာပေ၊ ယဉ်ကျေးမှု ရေရှည် တည်တံ့ရေးအတွက် ကြိုးပမ်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်က ဘားအံ၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ ကျိုက်မရော၊ ဖာပွန်၊ သံတောင်ကြီးမြို့နယ်များမှ ကရင်စာပေ မွမ်းမံသင်တန်း တက်ရောက်ကြသည့် ဆရာ/ဆရာမ ၁၈၆ ဦးအတွက် ငွေကျပ်သိန်း ၃၀၊ ဆန် ၁၀ အိတ်၊ ဆီပိဿာ ၃၀ တို့ကို ထောက်ပံ့ပေးအပ်ပြီး ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက် ပြန့်ပွားရေးအသင်း နာယကချုပ် ဆရာတော်နှင့် အသင်းဥက္ကဋ္ဌတို့၏ သဘောထားအမှာစကားကို သင်တန်းမှူးက ကိုယ်စား ပြောကြားသည်။

ယင်းနောက် သင်တန်းကော်မတီ ဆရာ/ ဆရာမများက စာပေယဉ်ကျေးမှု သင်တန်းတက်ကြပါစို့ဟု အဓိပ္ပာယ်ရသော ကရင်တေးသီချင်းဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်ပွဲသို့ တက်ရောက်တော်မူကြသော လှိုင်းဘွဲ့မြို့နယ် မဲဆမိတ် ကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကာ အဆိုပါမွမ်းမံသင်တန်းကို မေ ၂ ရက်မှ ၇ ရက်အထိ ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## တာပွန်မြို့ ရွှေကျွန်းတောဓာတ်အားခွဲရုံမှ လျှပ်စစ်မီးစတင်ပို့လွှတ်

နတ်တလင်း မေ ၂

ပဲခူးတိုင်းဒေသကြီး တာပွန်မြို့ ရွှေကျွန်းတော ဓာတ်အားခွဲရုံမှ



မေ ၁ ရက်က လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ် သုံးစွဲလျက်ရှိသည်။

ရွှေကျွန်းတော ဓာတ်အားခွဲရုံတွင် ၁၁ ကေဗွီဓာတ်အားလိုင်း ဖီဒါ နှစ်ခုဖြင့် လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးသဖြင့် လျှပ်စစ်မီးစတင် ပို့လွှတ်လျက်ရှိရာ ဒုတိယတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာဦး လာရောက် ကြည့်ရှုသည်။ အဆိုပါ ရွှေကျွန်းတော ဓာတ်အားခွဲရုံမှ ဓာတ်အား ပို့လွှတ်ခြင်းကြောင့် တာပွန်မြို့ပေါ် ရပ်ကွက်သုံးခုနှင့် ကျေးရွာပေါင်း ၈၀ တွင် လျှပ်စစ်မီး ပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ကျေးရွာ ၂၉ ရွာ မီးလင်းရေး ထပ်မံ ဆောင်ရွက်ပြီးစီးပါက တာပွန်မြို့ဓာတ်အားပေး ဧရိယာတွင် ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

## ပေါင်မြို့နယ်၌ သထုံခရိုင် ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ(အခမဲ့)ကွင်းဆင်းကုသပေး

ပေါင် မေ ၂

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ မွန်ပြည်နယ်ကုသရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သထုံခရိုင် ပြည်သူ့ဆေးရုံ၊ သထုံခရိုင် ကျန်းမာရေးဦးစီးဌာနနှင့် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော သထုံခရိုင် ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ (အခမဲ့) ကွင်းဆင်းဆေးကုသမှုကို ယနေ့နံနက်ပိုင်းက သဲကုန်းတိုက်နယ်ပြည်သူ့ဆေးရုံ၌ ပြုလုပ်ကြသည်။

ထိုသို့ဆေးကုသမှုခံယူရန်အတွက် တာဝန်ကျသူနာပြုဆရာမများက သွေးပေါင်ချိန် တိုင်းပေးခြင်း၊ ဆီးချိုများ စစ်ဆေးပေးခြင်းများကို ပြုလုပ်ပေးကြပြီး အထူးကုဆရာဝန် (သမားတော်)၊ အထူးကုဆရာဝန် (အရိုး)၊ အထူးကုဆရာဝန် (သွား)၊ အထူးကုဆရာဝန်(သားဖွား၊ မီးယပ်)၊ အထူးကုဆရာဝန် (ကလေး)၊ အထူးကုဆရာဝန် (ခွဲစိတ်)၊ လက်ထောက်ဆရာဝန်(ဆေးပညာ)၊ လက်ထောက်ဆရာဝန် (ဓာတ်မှန်) တို့က လူနာများကို အသေးစိတ်ကုသမှု ပြုလုပ်သည်။

ယင်းဆေးကုသမှုကို သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်တို့က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။ ထို့ပြင် ဆေးကုသမှုကုန်ကျစရိတ်အတွက် ကျွဲခြံကျေးရွာမှ ဦးမင်းမင်းစိုးနှင့် အဖွဲ့ဝင်များက ငွေကျပ် ၁၀ သိန်း လှူဒါန်းပေးသည်။ ဆေးကုသမှုခံယူရာတွင် သဲကုန်းကျေးရွာ၊ ကျုံဟော်ကျေးရွာ၊ ညောင်းကုန်းကြီးကျေးရွာ၊ ထန်းပင်ချောင်လေးကျေးရွာ၊ မြလေးချောင်ကျေးရွာရှိ ပြည်သူများက လာရောက်၍ ဆေးကုသမှုခံယူကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



## တာချီလိတ်လေဆိပ်၌ ခရီးသွားမည့်သူများအား စမတ်ကတ်တစ်ပါတည်း လုပ်ဆောင်ပေးလျက်ရှိ

တာချီလိတ် မေ ၂

တာချီလိတ်လေဆိပ်၌ ခရီးသွားမည့်သူများထံမှ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူများတောင်းယူ၍ စမတ်ကတ်မလုပ်ရသေးသူများအား ခရီးသွားရင်း တစ်ပါတည်းလုပ်ဆောင်ပေးနေကြောင်း သိရသည်။

လေယာဉ်ခရီးစဉ်များကို မေ ၈ ရက်အထိ ပုံမှန်ပြေးဆွဲပေးမည်ဖြစ်ရာ မေ ၉ ရက်မှစ၍ သောကြာ- စနေ - တနင်္ဂနွေ တစ်ပတ်လျှင် သုံးရက် ပြေးဆွဲမည်ဖြစ်ပြီး ကျန်ခရီးစဉ်များကို ကျိုင်းတုံလေယာဉ်ကွင်းမှ ပုံမှန်အတိုင်းပြေးဆွဲပေးမည်ဖြစ်သည်။ တာချီလိတ်လေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှု လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာချီလိတ်လေဆိပ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မောင်ယဉ်ကျေး**



မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော် |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၄-၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၅၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၄၅ ကျပ် | ၂၄၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၉၅ ကျပ် | ၂၈၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၉၁၅ ကျပ် | ၂၉၆၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၅၅၃ | ၄၆၄၅၂၀၀ |
| MTSH | ၂၉၀၀ | ၂၈၅၀ | ၂၅၈ | ၇၄၃၁၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁ | ၇၉၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၂၄၉၆ | ၃၆၂၂၀၅၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၇၁၀ | ၁၇၇၅၀၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၅၉၂ | ၁၀၃၁၀၀၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၄ | ၁၁၂၈၀၀ |
| MAEPC | ၁၈၀၀ | ၁၈၅၀ | ၂၅၅၆ | ၄၇၁၄၁၅၀ |

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
### ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်
### ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နေပြည်တော် နည်းပညာတက္ကသိုလ်တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် (စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူစက်ပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်) တွင် (၁-၄-၂၀၂၄) ရက်မှ (၂၃-၄-၂၀၂၄)ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၂၄-၄-၂၀၂၄)ရက် ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သော နေရာတွင် ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀ (အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၊ ရုံးချုပ်)သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော www.dast.edu.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၁၁၁)၊ လှည်းစုအကွက်၊ ဦးပိုင်အမှတ်(၂.စ)၊ ဧရိယာ(၀.၀၆၄)ဧကရှိ ဒေါ်မြကြည်၊ ဒေါ်ရီ အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ ဘန့်ဘွေးကုန်းလမ်း၊ အမှတ်(၅၂/၅၄)နေ ဒေါ်စန်းမြင့်၊ ဒေါ်အေးအေးမြင့်၊ ဒေါ်မူမူမြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဦးထွေးမြင့်၊ ဦးညီညီအေးတို့မှဘိုးဘပိုင်မြေအမည် ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုသိမ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/41290, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၆W/77533 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးပြည့်ပြည့်ကျော် ၇/ဖမန(နိုင်)၂၃၅၄၈၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (တောင်ငူ)**

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

## ပတ်စ်ပို့ပျောက်

ကျွန်မ မဇင်ဇင်ထွန်း ၇/ပခန(နိုင်)၃၀၃၀၇၅၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၉၈၈၆၂၈

**မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}**

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော်ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရပါမည်-

(က) နောက်မှလိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြောသွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
### ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်းများအတွက်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနမှ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)ရှိ တည်ဆောက်ရေးလုပ်ငန်း(၂၉)ခုအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကိုနည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)တွင် ၂-၄-၂၀၂၄ရက်မှ ၂၃-၄-၂၀၂၄ရက်အထိ ရုံးချိန်အတွင်းရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို ၂၄-၄-၂၀၂၄ ရက် တစ်ရက်တည်း ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကိုရုံးချိန်အတွင်း ဖုန်း-၀၆၇၃၄၀၄၀၂၀၊ ၀၆၇၃၄၀၄၄၈၂ (ဦးစီးဌာန၊ ရုံးချုပ်)သို့ ဆက်သွယ် စုံစမ်းနိုင်ပြီး Website ဖြစ်သော www.dtvet. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးသုတေသနဦးစီးဌာန
## နေပြည်တော်- ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ပါတည်ဆောက်ရေးလုပ်ငန်း (၂)မျိုး Lot (၂)ခု ကိုမြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

၂။ (က) အအေးခန်းသိုလှောင်ရုံ (Cool Storage)(100' x 40' x 17') RC (၁)ထပ်တည်ဆောက်ခြင်းနှင့် ပြင်ပဆက်စပ်လုပ်ငန်းများ၊ (60'x25'x10')အအေးခန်း တည်ဆောက်ခြင်းနှင့်ပြင်ပဆက်စပ်လုပ်ငန်းများ — 1 Lot — ဇေယျာသီရိမြို့နယ်

(ခ) ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း Room No.1(701.50 sft), Room No.2 (228.75 sft), Room No.3(701.50 sft), Room No.4 (701.50 sft), Room No.5 (237.50 sft) — 1 Lot — ဇေယျာသီရိမြို့နယ်

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၈-၄-၂၀၂၄ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်)စီမံခန့်ခွဲရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေးဌာနစု

၄။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်ရက်** - ၂၂-၄-၂၀၂၄ရက်၊ညနေ (၁၆:၃၀)နာရီ

၅။ **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၃-၅-၂၀၂၄ရက်၊ ညနေ (၁၆:၃၀)နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့်အချိန်အား အဆိုပြုလွှာ တင်သွင်းသူများထံ အကြောင်းကြားပါမည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၆)မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်း ဆောင်ရွက်မည့် ပန်းတိန်ကန်ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောတည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများဝယ်ယူနိုင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၄-၄-၂၀၂၄ရက်မှ ၁၀-၄-၂၀၂၄ရက်၊ ညနေ(၃:၀၀)နာရီအထိ

**တင်ဒါတင်သွင်းရမည့်ရက်** - ၂၃-၄-၂၀၂၄ရက်မှ ၂၆-၄-၂၀၂၄ရက်၊ ညနေ(၄:၀၀)နာရီအထိ

**တင်ဒါဖွင့်လှစ်မည့်ရက်** - ၃၀-၄-၂၀၂၄ရက်၊ (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ

**တင်ဒါပုံစံရောင်းချမည့်နေရာ**- လက်ထောက်ညွှန်ကြားရေးမှူး(၁)ရုံး၊ တည်ဆောက်ရေး(၆)၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ သထုံမြို့

**တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၇၉၄၄၆၂၇၇၆

**တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့
# ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာတင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

၁။ ပုဂ္ဂလိကပညာရေးဥပဒေကို ၁၂-၅-၂၀၂၃ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ပုဂ္ဂလိကကျောင်းများအားလုံးသည် ဤဥပဒေနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ထံသို့ မှတ်ပုံတင်လျှောက်ထားရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်လျှောက်ထားရမည့် ကျောင်းအမျိုးအစားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ပုဂ္ဂလိကအခြေခံပညာကျောင်းများ (နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသောကျောင်းများနှင့် အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသောကျောင်းများအားလုံးပါဝင်သည်။)

(ခ) ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများ (ဘာသာစကားသင်ကျောင်းများပါဝင်သည်။)

(ဂ) ပုဂ္ဂလိကနည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများ

၃။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပုဂ္ဂလိကကျောင်းများအနေဖြင့် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များကို ၁၂-၄-၂၀၂၄ရက်(သောကြာနေ့) မတိုင်မီ ဆောင်ရွက်ကြပါရန်နှင့် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လျှောက်ထားခြင်းမရှိပါက အဆိုပါ ပုဂ္ဂလိကကျောင်းများကို ပိတ်သိမ်းမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကြီးကြပ်ရေးအဖွဲ့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း (၃၀)အထက်လမ်း၊ အမှတ် (၂၃၅/၂၃၇) အထပ်အမှတ်(၂)၊ အခန်းအမှတ် (၄)နေ ဒေါ်သောင်းကြည်(၁၂/ပဘတ(နိုင်) ၀၂၀၄၆၂)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)အထက်လမ်း၊ အမှတ်-၂၃၅၏ မြေညီထပ်တိုက်ခန်းအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများအားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သောင်းကြည်၏ခင်ပွန်း ဦးစောတိတ်အွန် (ခ) ဦးသိန်းအောင်ကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဇနီးဖြစ်သူ ဒေါ်သောင်းကြည်မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့်အကျိုးခံစားခွင့်များ ဖြစ်ပါသည်။

သို့ပါသောကြောင့် အဆိုပါပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀) အထက်လမ်းရှိ အမှတ်-၂၃၅/၂၃၇၊ အထပ်အမှတ် (၂)၊ အခန်းအမှတ်(၄)နှင့် မြေညီထပ်တိုက်ခန်းများနှင့် ပတ်သက်၍ ဒေါ်သောင်းကြည်၏ ခွင့်ပြုချက်မရှိဘဲ၊ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို ပြုလုပ်သူ မည်သူမဆို၊ တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဒေါ်ဖြူဖြူ**
LL.B,DBL, DML, DIR, DILDiploma in English, C.A.E.S, C.B.D.S, WIPO (Switzerland), Master of Business Law (M.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၅၃၁)
ရုံးခန်းအမှတ် (၈)၊ ရေတာရှည်လမ်းဟောင်း၊ ရွှေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၅၁၃၉၁၅၁

## အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ ကြို့ကြာကန်ကျေးရွာအုပ်စု၊ သဘော်ကုန်းရွာတွင် နေထိုင်သော ဦးသက်မင်းဆွေ ၇/နတလ(နိုင်)၁၂၉၂၀၈၏ လွှဲအပ်ချက်အရ-

ကျွန်ုပ်၏မိတ်ဆွေ ဦးသက်မင်းဆွေ၏ ဇနီးဖြစ်သူ ဒေါ်အေးသန္တာဖြိုး ၇/နတလ(နိုင်)၁၄၄၀၇၇ သည် ဦးသက်မင်းဆွေနှင့် ပေါင်းသင်းနေစဉ်ကာလအတွင်း လူမှုရေးဖောက်ပြန်မှုများဖြင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးကျော်လှိုင်ဌေး(LL.B,D.I.L)
အထက်တန်းရှေ့နေ(စဉ်-၅၁၁၈၀)
ဖုန်း -၀၉-၄၀၁၀၀၄၉၄၉

**အိမ်ပြင်ပဆိုင်းဘုတ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/41971, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိသက်မှူးနိုင် ၉/ခမစ(နိုင်)၀၂၂၁၄၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/73255, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးနန္ဒဝင်း၉/သစန(နိုင်)၁၂၈၄၉၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၃၈၆၂, SYM Bonus-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီထွန်း ၉/ခအဇ(နိုင်)၀၀၇၉၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၄-၂၀၂၄ ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၀) ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း ကြော်ငြာတွင် ဒေါ်လှလှနိုင် အစား ဒေါ်လှလှခိုင်(ဘ)ဦးကျော်ဝင်း ၁၄/မမန(နိုင်)၂၄၃၈၉၂ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ် (၁၃-က၊ ညံ့ကွဲရပ်)၊ ဦးပိုင်အမှတ် (၁၂)၊ ဧရိယာ (၀.၀၅၁)ဧကရှိမြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးစိုးအောင် (ခ)မှုန်ကွယ် ၉/မမန(နိုင်)၀၃၇၃၀၀မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကွယ်လွန်သူ တရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးစေရန် ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၂၂၊ နည်းဥပဒေ -၄ )**
**အောင်မြေသာစံမြို့နယ် တရားရုံးတော်**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၁**

ဦးဇော်ဝင်းကြည် **နှင့်** ဒေါ်ခင်မိုးမြင့် ပါ-၆၀
(မန္တလေးခရိုင်တရားရုံး၏
တရားမအထွေထွေမှုအမှတ်
၂၇/၂၀၁၂၏အမွေထိန်းစာရသူ)

**တရားလို** **တရားပြိုင်များ**

ဦးဇော်ဝင်း၊ အကွက်အမှတ်(၆၀)၊ ဦးပိုင်အမှတ် (၄၉)၊ ၁၅-၁၆လမ်းကြား၊ ၈၁-၈၂လမ်းကြား၊ မောင်းထောင်းဝင်း၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာသိသူ) သိစေရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင်တရားလို ဦးဇော်ဝင်းကြည်က ဤရုံး၌ တရားပြိုင် ဒေါ်သိန်းသိန်း(ခ)ဒေါ်ငွေသိန်း ကွယ်လွန်သူ အပေါ်တွင် တရားစွဲဆိုရာ သင်သည်ဆိုခဲ့သော ကွယ်လွန်သူ ဒေါ်သိန်းသိန်း(ခ)ဒေါ်ငွေသိန်း၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း ၎င်းကွယ်လွန်သူ၏အစား သင့်ကို တရားပြိုင် အဖြစ်ထည့်သွင်းပါမည့် အကြောင်းတရားလိုက လျှောက်ထားသောကြောင့်၊ ၎င်းအမှုကိုထုချေရန် ဤရုံးတော်သို့ ၂၀၂၄ခုနှစ်၊ ဧပြီလ ၁၁ ရက် (၁၃၈၅ခုနှစ်၊ နှောင်းတန်ခူး လဆန်း (၃) ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန် လာရောက်ရမည်။ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်မျက်ကွယ်တွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ မတ်လ ၂၉ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာအေးလွင်)**
**တွဲဖက် မြို့နယ်တရားသူကြီး(၃ )**
**အောင်မြေသာစံမြို့နယ်တရားရုံး**

## အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃လမ်း၊ ၃၂x၃၃လမ်းကြားနေ ဒေါ်တင်တင်ခိုင်(ခ)လုမိုင်(ဘ) ဦးကွမ်ဆောင်တူး(ခ)တူးဂျာ ၁/မကန(နိုင်)၀၈၁၉၆၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ခိုင်(ခ)လုမိုင်သည် ပူးတွဲဖော်ပြပါ **MOMMY & BABY'S WONDERLAND** ကလေးအသုံးအဆောင်ပစ္စည်းရောင်းဝယ်ရေး အမှတ်တံဆိပ်ကို မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ( ၈၆၁ / ၂၀၂၄ )အရ တရားဝင် မှတ်ပုံတင်သွင်းခဲ့ပြီး ကလေးဝတ်အထည်အမျိုးမျိုး၊ ဆိုဒ်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ ရယ်ဒီမိတ်အဝတ်အထည် အမျိုးမျိုး၊ ကလေးအနှီးအမျိုးမျိုး၊ ကလေးတွန်းလှည်းအမျိုးမျိုး၊ ကလေးကစားစရာအမျိုးမျိုး၊ အခြားကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် လက်လီ/လက်ကား ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိရာ လူအများစိတ်ချယုံကြည်စွာ အထူးနှစ်သက် အားပေးလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ **MOMMY & BABY'S WONDERLAND** ကလေးအသုံးအဆောင်ပစ္စည်း ရောင်းဝယ်ရေး အမှတ်တံဆိပ်သည် ဒေါ်တင်တင်ခိုင်(ခ)လုမိုင် အသုံးပြုလျက်ရှိသည့် အမှတ်တံဆိပ်အမည် အမှတ်အသားဖြစ်ပါကြောင်း ၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ရှေ့/နောက်ပြောင်း၍ဖြစ်စေ၊ ပုံသဏ္ဌာန်တူအောင်ဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ တုပခြင်းမပြုလုပ်ရန် သတိပေးကြေညာလိုက်ပါသည်။ အကယ်၍ ဆင်တူယိုးမှား တုပသုံးစွဲပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သန်းအောင်(LL.B)**
**(စဉ်-၅၂၃၃၅)**
**အထက်တန်းရှေ့နေ**
**လမ်း၂၀၊ ၈၂နှင့်၈၃ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**၀၉-၇၉၈၈၅၅၉၂၉**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/ အကွက်အမှတ်(၁၃-က/ညံ့ကွဲရပ်)၊ ဦးပိုင်အမှတ်(၂၈)၊ မြေယာအမှတ်(45)၊ ဧရိယာ(၀ဒသမ၁၁၂)ဧက၊ မြေငှားဂရန်စာချုပ် နံပါတ်(၃၁၉/၂၀၀၁-၂၀၀၂)၊ ဖခင်ဦးလှမောင် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်မူရင်းသည် ပျောက်ဆုံးသွားပါ၍ မြေငှားဂရန် မိတ္တူမှန်ပြန်လည်လျှောက်ထားသွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာ တမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ဂရန်မိတ္တူမှန်အား သက်ဆိုင်ရာဌာနများတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြမြရီ ၉/မမန(နိုင်) ၀၃၈၂၈၅**
**အမှတ်(၁၀၁)၊ ခွာညိုလမ်း၊ ၁၃-ညံ့ကွဲ၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၉- ၄၄၄၀၀၆၂၈၈**

## လမ်းဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတား လုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** | - | (၁၀-၄-၂၀၂၄)နေ့ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** | - | (၂-၅-၂၀၂၄)ရက်၊ မွန်းတည့် (၁၂:၀၀)နာရီ |
| **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန်** | - | (၂၉-၄-၂၀၂၄) မှ (၃-၅-၂၀၂၄) အထိ (ရုံးချိန်အတွင်း) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - | ထပ်မံကြေညာပါမည်။ |
| **တင်ဒါလျှောက်လွှာဝယ်ယူရမည့် နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း-၃၀၊ ၇၀x၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**ဖုန်း-၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၄၄**

ဒေါ်ဌေးဝင်းခိုင် **နှင့်** ဒေါ်ခင်သီတာ
**တရားလို** **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၁)၊ ရေငယ်ကျေးရွာ၊ ရွှေတောင်ကြားလမ်း၊ အမှတ်(၁၆၉) နေ ဒေါ်ခင်သီတာ(ဘ)ဦးအောင်သိန်း ၇/လပတ(နိုင်)၁၆၁၅၀၀ (ယခု နေရပ်လိပ်စာမသိရှိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဌေးဝင်းခိုင်က (၂၅-၉-၂၀၂၃)ရက်စွဲပါ ကတိပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ် ဧပြီလ ၅ ရက် (၁၃၈၅ ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက် ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ် ၊ မတ် လ ၁၈ ရက်နေ့ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်ရည်သျှန်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် (RA – III / ကွက်ပြင် – ၃ )၊ ဦးပိုင်အမှတ် ( ၉၄-ဃ/ ၁)၊ မြေကွက်အမှတ်(-) မြေဧရိယာ (၀.၂၁)ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်ခင်သန်းညို (၉/မမန(နိုင်)၀၂၉၂၅၆)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၄၁၅/၃၂) အတွင်းရှိ အရှေ့ အနောက်ပေ (၄၀)၊ မြေကွက်၏ အရှေ့ဘက်ခြမ်း တောင်မြောက် (၁၀၅)ပေ၊ အနောက်ဘက်ခြမ်း တောင်မြောက် (၉၇)ပေ မြေကွက်အတွင်းမှ (၄)လမ်းနှင့် ပေ(၆၀)အကွာ တောင်မြောက်(၁၅)ပေ၊ အရှေ့အနောက်ပေ(၄၀) မြေကွက်နှင့် အာရ်စီ(၂)ထပ်ခွဲတို့နှင့်တကွ မြေပေါ်မြေအောက်နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကတိစာချုပ် အဆက်စပ်ဖြင့် ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်နှင်းရီအောင်(ဘ) ဦးလှိုင်ကျော်မောင် ၈/ခမန(နိုင်)၁၇၉၉၁၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေ တစ်စိတ်တဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ပစ္စည်းအရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို တည်ဆဲဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**
**ဦးသန်းဝင်းနိုင် (LL.B) စဉ်-၁၈၃၅၀ တရားလွှတ်တော်ရှေ့နေ၊**
**အကွက်(၃၂)၊ အမရဌာနီအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း ၀၉-၇၉၃၀၃၇၅၃၀**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကတ္တရာတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/အထူးအဖွဲ့များနှင့် ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် (၆၀/၇၀) နှင့် (၈၀/၁၀၀) အမျိုးအစားကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** | - | (၈-၄-၂၀၂၄)ရက်၊ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** | - | (၂၄-၄-၂၀၂၄)နေ့၊ မွန်းတည့် (၁၂:၀၀)နာရီ |
| **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်/အချိန်** | - | (၂၅-၄-၂၀၂၄) (ရုံးချိန်အတွင်း) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** | - | ထပ်မံကြေငြာပါမည် |
| **တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း၃၀၊၇၀x၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း - ၀၂- ၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၂၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၇၃**

ဦးစံရင် **နှင့်** ဦးဖြိုးဇော်ဟန် ပါ၅
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ (၂) ဦးကျော်သူထွန်း ၃၁x၃၂လမ်းကြား၊ ၈၅x၈၆လမ်းကြား၊ အကွက်(၅၇၅)၊ အောင်နန်းရိပ်သာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါ ဦးစံရင်က ဤရုံးသို့ မဟာအောင်မြေခရိုင်တရားရုံး၏ တရားမကြီးမှု အမှတ် ၁၈၉/၂၀၂၃တွင် (၃၀-၁-၂၀၂၄)ရက်၌ မဟာအောင်မြေခရိုင်တရားရုံးတော်မှ ဦးအုန်းပွင့်၏ မြစ်တော်စပ်သူ တရားလိုသည် ဦးအုန်းပွင့်၏ အမွေကို (၁) တရားပြိုင် ဦးစံရင်နှင့်ယှဉ်၍ အမွေဆက်ခံခွင့်မရှိသည်မှာ မမှန်ကြောင်း ပဏာမငြင်းချက်အား ဖြေဆိုလိုက်သည့် အမိန့်အပေါ် ပယ်ဖျက်ပေးပါရန် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၄ခုနှစ်၊ ဧပြီလ ၂၉ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆုတ် ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ မတ်လ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပွင့်ဖြိုးလင်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/1394 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊(ရွှာသာကြီး)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ်(၇၂+၇၃)၊ ဧရိယာ(၀ဒသမ၀၅၅၁+၀ဒသမ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်များသည် ဦးရန်ချီဟွေး အမည်ပေါက် ဂရန်မြေကွက်များ ဖြစ်ပါသည်။

အထက်ပါ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၇၂+၇၃)၊ ဧရိယာ(၀ဒသမ၀၅၅၁+၀ဒသမ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်များ၏ အကြောင်းကြားစာ၊ ငွေသွင်းပြေစာများနှင့် ဆက်စပ်စာရွက်စာတမ်း မူရင်းများအားလုံးတို့မှာ နေအိမ်တွင် အသိမ်းလွန်ပြီး ပျောက်ဆုံးသွားပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေမှ အထက်ပါ မြေကွက်များနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုခိုင်မာစေရန်အတွက် သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်း၊ အမွေဆက်ခံစာချုပ်ချုပ်ဆိုခြင်း၊ အိမ်ဆောက်မိန့် လျှောက်ထားခြင်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်မိတ်ဆွေထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ ကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းအေး**
**အထက်တန်းရှေ့နေ(စဉ်-၅၂၁၅၀/၃၁-၁၂-၂၀၁၉)**
**၅၄-စီလမ်း၊ ၁၀၅x၁၀၆လမ်းကြား၊ အောင်ပင်လယ်ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့ နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၂၀၈၈၇၈၅၅၊ ၀၉-၄၃၁၇၃၃၂၁**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံး ကုန်ကြမ်းပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ မင်၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| (က) | Coldset Web Offset Printing Ink (Black) | ကီလို | 28,000 |
| (ခ) | Coldset Web Offset Printing Ink (Cyan) | ကီလို | 17,300 |
| (ဂ) | Coldset Web Offset Printing Ink (Magenta) | ကီလို | 14,500 |
| (ဃ) | Coldset Web Offset Printing Ink (Yellow) | ကီလို | 16,600 |
| (င) | Fountain Solution | လီတာ | 9,400 |
| (စ) | Positive Thermal CTP Plate (Kodak)(889 x 574 x 0.3)mm | ချပ် | 9,200 |
| (ဆ) | Positive Thermal CTP Plate (Kodak)(889 x 577 x 0.3)mm | ချပ် | 22,500 |
| (ဇ) | Positive Thermal CTP Plate (Kodak)(889 x 609 x 0.3 )mm | ချပ် | 37,100 |
| (ဈ) | Positive Developer (Kodak) | လီတာ | 5,900 |
| (ည) | Rubber Blanket (889 x 615 x 1.68)mm | ချပ် | 45 |
| (ဋ) | Rubber Blanket (889 x 651 x 1.68)mm (X-cel) | ချပ် | 120 |
| (ဌ) | Rubber Blanket (889 x 593 x 1.7)mm | ချပ် | 50 |
| (ဍ) | Rubber Blanket (889 x 626 x 1.7)mm | ချပ် | 130 |
| (ဎ) | Plate Cleaner | လီတာ | 500 |
| (ဏ) | Gum Arabic | လီတာ | 380 |
| (တ) | Sponge | ခု | 62 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄ - ၄ - ၂၀၂၄ ရက်နေ့မှ ၃၀ - ၄ - ၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် ပုံနှိပ်မင် တင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/-ကျပ်နှုန်းဖြင့်လည်းကောင်း၊ ပလိတ်နှင့် ပုံနှိပ်လုပ်ငန်းသုံးကုန်ကြမ်း ပစ္စည်းများအတွက် တင်ဒါ(၁)စောင်လျှင် ၁၀,၀၀၀/- ကျပ်နှုန်းဖြင့်လည်းကောင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ **ပုံနှိပ်ရေးပစ္စည်း (၁၆)မျိုးကို စက်တင်စမ်းသပ်စစ်ဆေးရန် တင်ဒါဖောင်တွင်ဖော်ပြထားသည့် နမူနာ(Sample) အရေအတွက်အား သတ်မှတ်ရက်အတွင်း ပေးပို့ရမည်။**

၄။ အိတ်ဖွင့်တင်ဒါများကို ၆ -၅ - ၂၀၂၄ ရက်နေ့ နံနက် ၀၉:၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း ရုံးအမှတ်(၇)၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်းတန်ဖိုး ၁% အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ **PG (Performance Bank Guarantee)** ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်သည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း၊ ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊ ၀၁-၈၂၀၁၁၀၉၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊**
**၀၆၇-၃၄၁၂၁၂၈**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း၊ ၀၆၇-၃၄၁၂၁၂၃၊ ၀၆၇-၃၄၁၂၆၆၂၊**
**၀၆၇-၃၄၁၂၁၂၈**

## မြေငှားဂရန် လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| | | မြို့နယ်မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | |
| ၁ | ဦးဇော်လင်းလတ် | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၆/၁-ဃ၊ ၁-ဏ | ၀.၀၆၉ | အသစ် |
| ၂ | ဦးဇော်လင်းလတ် | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၆/၁-ဓ၊ ၁-ဈ | ၀.၀၆၉ | အသစ် |
| ၃ | ဦးဇော်လင်းလတ် | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-ဒ | ၀.၀၃၄ | အသစ် |
| ၄ | ဦးဇော်လင်းလတ် | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၆/၁-ဌ | ၀.၀၃၄ | အသစ် |
| ၅ | ဦးဇော်လင်းလတ် | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-ပ၊ ၂၇/၁၀၀ | ၀.၀၆၉ | အသစ် |
| ၆ | ဦးဇော်လင်းလတ် | ပုသိမ် | အမှတ်(၃) | ၃၅/မီးရထားလမ်း | ၂၇/၁-ဏ၊ ၁-တ | ၀.၀၆၉ | အသစ် |
| ၇ | ဦးသက်နိုင်ပါ(၂) | ပုသိမ် | အမှတ်(၆) | ၈၂-က/ တရုတ်စုအကွက် | ၂၀-က | ၀.၀၁၃ | အမည်ပြောင်း/တိုး |
| ၈ | ဦးဖြိုးသူပါ(၂) | ပုသိမ် | အမှတ်(၃) | ၃၆ ဈေးချောင်းမြောက် | ၂၃/၁-ဓ၊ ၂၄-ဍ | ၀.၁၁၉ | အမည်ပြောင်း/တိုး |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့် နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8F/9915, PYI SHWE BO L/T ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးနွယ် ၉/ပတန(နိုင်)၁၄၃၇၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၂၀၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးအေး ၁၀/ကမရ(နိုင်)၀၂၅၃၉၈က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၄၉၁၃၂ ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဦး ၁၀/ခဆန(နိုင်)၀၆၉၀၃၈က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပြည်ထဲရေးဝန်ကြီးဌာန
## (မီးသတ်ဦးစီးဌာန)
## မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရက်စွဲ- ၂-၄-၂၀၂၄

၁။ ၂၀၂၄-၂၀၂၅ခု၊ဘဏ္ဍာရေးနှစ်၊မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် ပေါင်မြို့နယ် မီးသတ်ဦးစီးမှူးရုံး ဝန်ထမ်းနေအိမ်(၁၀၀x၄၀x၅၅)ပေ(၄)ခန်းတွဲ(၅)ထပ် (ရေသန့်၊လျှပ်စစ်)ပါ (နှစ်ဆက်လုပ်ငန်း) တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် တင်ဒါတင်သွင်း လျှောက်လွှာများခေါ်ယူပါသည်။

၂။ တင်ဒါလျှောက်လွှာများကို ပြည်နယ်မီးသတ်ဦးစီးမှူးရုံးတည်ရှိရာ အရှေ့တပ်မြေလမ်း၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့တွင် အောက်ပါ အစီအစဉ်အတိုင်း လျှောက်လွှာတင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ချက်ကျော်လွန်သော အိတ်ဖွင့်တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(က) **တင်ဒါလျှောက်လွှာရယူရန်** - ၈- ၄ -၂၀၂၄ ရက်မှ ၂၃- ၄- ၂၀၂၄ ရက်အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရက်** - ၂၆-၄- ၂၀၂၄ ရက်နေ့၊ ရုံးချိန်အတွင်း နောက်ဆုံးထား တင်သွင်းရန် ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး၊ မော်လမြိုင်၊ ဖုန်း-၀၅၇-၂၀၂၁၄၉၅၊ ၀၅၇-၂၀၂၇၂၄၀ သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**မွန်ပြည်နယ်မီးသတ်ဦးစီးမှူးရုံး**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ လူနေရပ်ကွက်(ဒက္ခိဏသီရိရပ်ကွက်)၊ မြေတိုင်း ရပ်ကွက်အမှတ် (၅/ရုံးကြီးရပ်)၊ မြေဧရိယာ ၀.၂၂၉ဧကရှိ ပေ (၁၀၀x၁၀၀)၊ မြေကွက်အမှတ်(ဒ-၂၄၈၂)၏ မြေပေးမိန့်မူရင်း ပျောက်ဆုံးသဖြင့် မြေကွက်အမည်ပေါက်သူ ဦးတင်မောင်ဝင်း(ဘ) ဦးဝင်းမောင် ၁၂/ဗဟန(နိုင်)၀၄၅၂၇၈ထံမှ ဝယ်ယူထားသူ ဒေါ်သုမာလာမောင်(ခ)ရွှေအိမ်စည်(ဘ) ဦးခင်မောင်စိုး ၁၃/တကန(နိုင်)၁၉၇၃၆၂ က မိတ္တူမှန်လျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် မြေပေးမိန့်မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်သဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ (၃-၄-၂၀၁၅)ရက်စွဲပါ စာအမှတ် ၇၂၇/၁၈-၄/ နပတ(မြို့/မြေ)ဖြင့် ထုတ်ပေးခဲ့သည့် ဦးတင်မောင်ဝင်း အမည်ပေါက် မြေပေးမိန့်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့၊ လူနေရပ်ကွက် (ဒက္ခိဏသီရိရပ်ကွက်)၊ မြေတိုင်းရပ်ကွက်အမှတ် (၅/ရုံးကြီးရပ်)၊ မြေဧရိယာ (၀.၂၂၉)ကေရှိ ပေ (၁၀၀x၁၀၀)၊ မြေကွက်အမှတ် (ဒ-၂၄၈၁)၏ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်မူရင်း ပျောက်ဆုံးသဖြင့် မြေကွက်အမည်ပေါက်သူ ဦးတင်မောင်ဝင်း(ဘ)ဦးဝင်းမောင် ၁၂/ဗဟန(နိုင်)၀၄၅၂၇၈ထံမှ ဝယ်ယူထားသူ ဒေါ်သုမာလာမောင်(ခ)ရွှေအိမ်စည်(ဘ)ဦးခင်မောင်စိုး ၁၃/တကန(နိုင်)၁၉၇၃၆၂မှ မိတ္တူမှန် လျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိသဖြင့် မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ် မိတ္တူမှန်အား ထုတ်ပေးမည်ဖြစ်သဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ (၅-၂-၂၀၁၁)ရက်စွဲပါ စာအမှတ် ၂၀၈၅/ဒက္ခိဏဖြင့် ထုတ်ပေးခဲ့သည့် ဦးတင်မောင်ဝင်း အမည်ပေါက် မြေကွက်နေရာ(ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)ကို ဤဌာနအနေဖြင့် ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ပြည်လမ်း၊ ခြံအမှတ်(၅၈၅)ဟု ခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ လူနေရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁ဘီ/၅)၊ မြေအမျိုးအစား(မြေပိုင်မြေ/မစိုက်ပျိုးမြေ)၊ ဧရိယာအကျယ်အဝန်း (၀.၂၀၀)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဝီစိတွင်း (၂)တွင်း၊ အိမ်သုံးပါဝါ မီတာတစ်လုံးနှင့် ရိုးရိုးမီတာတစ်လုံး အပါအဝင် (အဆောက်အအုံ မပါ)၊ မြေကွက်လွတ်အနေအထားရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်သည့် ဒေါ်မြင့်သီတာ (၁၂/လမတ(နိုင်)၀၀၄၀၁၉)နှင့် မောင်ဖြစ် သူ ဦးကျော်မင်း (၁၂/ကမရ (နိုင်)၀၁၄၉၉၂)တို့ (၂)ဦးအမည်ပေါက် မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနန္ဒရှိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၄၉၃၈)**
**အမှတ် (၁၀၁)၊ ဥက္ကာ (၄)လမ်း၊**
**(ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**Ph: 09-421743376**

**ဦးခင်စိုး (စဉ်-၂၈၇၅)**
**တရားလွှတ်တော်ရှေ့နေ**
**LL.B, DL, 101 WIPO (SWITZERLAND)**
**အမှတ်(၉၄၄)၊၅-လွှာ၊**
**ယသဝတီလမ်း၊ (၁၃)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊**
**Ph: 09-443148536, 09 420257767**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် အောက်ဖော်ပြပါတည် ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်-

Lot(1)

မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ဝန်ထမ်းအိမ်ရာပြင်ဆင်ခြင်းလုပ်ငန်း၊ (အလျား ၁၀၅ပေ၊ အနံ ၃၈ပေ)

Lot (2)

မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးသစ် အလူမီနီယံကာရံခြင်းနှင့် ပြတင်းပေါက်များပြုလုပ်ခြင်းလုပ်ငန်း (အလျား ၄၈ပေ၊ အမြင့် ၈ပေ ဖလက်မ (၂)ထပ်၊ (အလျားပေ ၂၀၊ အမြင့် ၈ပေ ဖလက်မ ၂ထပ်)၊

Lot (3)

မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးသစ် R.CC (၂)ထပ် အမှုတွဲခန်း ဆောက်လုပ်ခြင်းလုပ်ငန်း (အလျားပေ ၃၀၊ အမြင့် ၁၃ပေ)

Lot (4)

(၁) ဝမ်းတွင်းမြို့နယ်ဥပဒေရုံး အရှည် (၂၂၈ပေ၊ ဖလက်မ) အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊

(၂) မလှိုင်မြို့နယ်ဥပဒေရုံး၊ အရှည်ပေ (၂၀၀) အုတ်တံတိုင်းခြံစည်းရိုးကာရံခြင်းလုပ်ငန်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၄-၂၀၂၄ရက်မှစ၍ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး (၆၈လမ်းနှင့် ၁၀၅ လမ်းထောင့်)၌ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမှုပိတ်ရက်မှာ ၇-၅-၂၀၂၄ရက် (၁၆:၀၀)နာရီဖြစ်ပါသည်။ အိတ်ဖွင့် တင်ဒါဖွင့်ဖောက်စစ်ဆေးခြင်းနှင့် ရွေးချယ်မည့်နေ့ရက်များအား ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ရုံးဖုန်း-၀၂-၄၀၆၈၁၅၀၊ ၀၂-၄၀၃၂၀၆၄များသို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။

**မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်းအများသိစေရန် ကြေညာခြင်း

**ကျွန်မလင်ဘီတင်(Lin Be Tin)(၁၂/ဗတထ(ပြု)၀၀၀၀၇၄)ကို စန်းစန်းရီ(San San Yee)ဟုလည်း ခေါ်ဆိုကြပါသည်။ ကျွန်မလင်ဘီတင်(Lin Be Tin) နှင့် စန်းစန်းရီ(San San Yee)မှာအမည်နှစ်မျိုးဖြစ်သော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။**
**လင်ဘီတင် (Lin Be Tin)(ခ)စန်းစန်းရီ(San San Yee)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၈)၊ နယ်မြေ(၇)နေ စိုင်းစည်သူ (၁၃/လရန(နိုင်)၂၃၀၇၂၂)၏ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၃၆၂၅၁၇

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ(၆)နေ မောင်စံနီ (၁၃/လရန(နိုင်)၁၁၇၀၈၂)၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၄၈၅၁၇၀၁

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ယာတော်ရပ်ကွက်၊ အကွက်အမှတ် ဘီ-၂၊ ဦးပိုင်အမှတ်(ဘီ-၂/အေ-၁)/မင်္ဂလာလမ်းတောင်ဘက်နှင့် ၆၂လမ်းခွဲ ပရန်တော်ချောင်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးမောင်မောင်ကွယ်လွန်၍ ကျန်ရစ်သူ ဇနီးဒေါ်ခင်စန်းရီ ၉/မရမ(နိုင်)၀၂၆၇၅၈က ဂရန် စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ အကွက်အမှတ် (၇၂၀)၊ ဦးပိုင်အမှတ် (၇)၊ ဧရိယာ (၀.၀၄၂၈)ကေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်ဝင်းခြံ အကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်ခင်အေး ၉/မရမ(နိုင်) ၀၂၉၂၅၆၊ ဦးအောင်ကျော်မိုး ၉/မရမ (နိုင်)၀၈၂၉၇၅၊ ဒေါ်ခင်ချောစု ၉/မရမ (နိုင်) ၀၈၂၉၇၆၊ ဒေါ်ယဉ်မင်းသက် ၉/ခအဇ(နိုင်)၀၁၂၀၅၃၊ ဦးသူရအောင် ၉/ခအဇ(နိုင်)၀၃၄၀၆၉နှင့် ဒေါ်ခိုင်ဇာနွဲ့ ၉/ခအဇ(နိုင်)၀၁၃၂၂၄ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေ အချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း (LL.B)**
**စဉ်-၁၀၃၈၈**
**တရားလွှတ်တော်ရှေ့နေ**

**ဦးရဲဝင်း(LL.B)**
**စဉ်-၄၈၉၇၈**
**အထက်တန်းရှေ့နေ**

**ဦးပြည့်ကိုကို(LL.B)**
**စဉ်-၁၄၀၁၂**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(အေ-၁)၊ ၆၇ လမ်း ၃၁.အေX ၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## ၂၀၂၀ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းကြောင်း ကြေညာခြင်း [လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ]

### MOLINS ENGINEERING MYANMAR LIMITED

MOLINS ENGINEERING MYANMAR LIMITED (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏အထွေထွေအစည်းအဝေးကို ၃၁-၃-၂၀၂၄ရက် နံနက် ၁၀နာရီတွင် အမှတ် ၁၃၁၂၊ သရဖီလမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပ၍ အောက်ပါအထူးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-

၁။ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရန်။

၂။ အမှတ် ၂၀၉၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်တည်ရှိသော ဒေါ်မေသူလှိုင် (Myanmar Association of Insolvency Practitioners (MAIP) Member No-00075) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁/မကန(နိုင်) ၀၈၃၆၁၅အားအဆိုပါ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ၎င်းအားကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေမည့် လိုအပ်သည်ဟု ယူဆသည့် အတိုင်းအတာနှင့် ကာလအထိ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်စေရန် အခွင့်အာဏာ လွှဲအပ်ကြောင်းနှင့် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် အခြားကိစ္စရပ်များအား လုပ်ပိုင်ခွင့်များကို ခွင့်ပြုရန်။

သို့ဖြစ်ပါ၍ MOLINS ENGINEERING MYANMAR LIMITED မှ ရရန်နှင့် ပေးရန်ရှိသည့် ကိစ္စအဝဝကို ၂၀၂၄ခုနှစ်၊ ဧပြီလ ၃၀ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**MOLINS ENGINEERING MYANMAR LIMITED ၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ**
**(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းဆဲ)**
**ဒေါ်မေသူလှိုင်**
**အမှတ် ၂၀၉၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၈၉၄၁၆၁၅**

## ၂၀၂၀ ပြည့်နှစ်၊ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်း [လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၁၄၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၉ နှင့် ၁၅(ခ)အရ]

### YUXI MYANMAR COMPANY LIMITED

(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏ အထွေထွေအစည်းအဝေးကို YUXI MYANMAR COMPANY LIMITED ၃၁-၃-၂၀၂၄ရက် နံနက် ၁၀နာရီတွင် အမှတ် ၄၉၂၊ သရဖီ(၆) လမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကျင်းပ၍ အောက်ပါ အထူးဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ပါသည်-

၁။ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေအရ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရန်။

၂။ အမှတ် ၂၀၉၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်တည်ရှိသော ဒေါ်မေသူလှိုင် (Myanmar Association of Insolvency Practitioners (MAIP) Member No-00075) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁/မကန(နိုင်) ၀၈၃၆၁၅အားအဆိုပါ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ရန်နှင့်၎င်းအားကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် အကျိုးဖြစ်စေမည့် လိုအပ်သည်ဟု ယူဆသည့် အတိုင်းအတာနှင့် ကာလအထိ ကုမ္ပဏီ၏ လုပ်ငန်းများကို ဆက်လက်လည်ပတ်စေရန် အခွင့်အာဏာ လွှဲအပ်ကြောင်းနှင့် သင့်လျော်သည်ဟု ထင်မြင်ယူဆသည့် အခြားကိစ္စရပ်များအား လုပ်ပိုင်ခွင့်များကို ခွင့်ပြုရန်။

သို့ဖြစ်ပါ၍ YUXI MYANMAR COMPANY LIMITED မှ ရရန်နှင့် ပေးရန်ရှိသည့် ကိစ္စအဝဝကို ၂၀၂၄ခုနှစ်၊ ဧပြီလ ၊ ၃၀ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**YUXI MYANMAR COMPANY LIMITED ၏**
**စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ**
**(အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**
**ဒေါ်မေသူလှိုင်**
**အမှတ် ၂၀၉၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၈၉၄၁၆၁၅**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံး ကိုဋ္ဌဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀) ပုသိမ်ခရိုင် ဒုတိယခရိုင်တရားမရုံးတော်၌ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၉

နော်ထရီဇာ နှင့် ဦးအောင်နေဝင်း ပါ (၄)
တရားလို တရားပြိုင်များ

အမှတ် (၃) တရားပြိုင် ဦးဝေဇင်မင်းအောင်၊ သရောင်းချောင်းရပ်ကွက်၊ ပုသိမ်-ငပုတောလမ်းမကြီး၊ အမှတ် (၈)ရပ်ကွက်၊ ပုသိမ်မြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို နော်ထရီဇာက ငွေကျပ် ၁၃၄,၈၃၃၀၀၀/- (ကျပ်တစ်ရာသုံးဆယ့်လေးသိန်း ရှစ်သောင်းသုံးထောင့်သုံးရာတိတိ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၂)ရက် (၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း(၁၄)ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရ မည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်း ရမည်။

၂၀၂၄ခုနှစ်၊ မတ်လ (၂၆)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထားအိခိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ပုသိမ်ခရိုင်တရားရုံးတော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၂)နေ ဦးစိန်မြင့်၏သမီး မစန်းစန်းအေး(ခ) မစန်းစန်းဝင်း ၉/မထလ(နိုင်) ၁၇၂၂၈၈မှာ တစ်ဦးတည်း ဖြစ်ပါ ကြောင်း။

**မစန်းစန်းအေး(ခ)မစန်းစန်းဝင်း**

## မိခင်အမည်မှန်

မြိတ်မြို့၊ အမက(မြစ်ငယ်)မှ Grade-4 အောင်မြင်ခဲ့သော မောင်ကဗျာမောင်၏မိခင် ဒေါ်နီလာဝင်း၏ အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဒေါ်နီနီဝင်း ၆/မမန(နိုင်) ၁၇၆၃၃၇ ဖြစ်ပါကြောင်း။

**ဒေါ်နီနီဝင်း**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူ အမည် | လျှောက်ထားသည့်မြေ၏ မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/ အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်ကြိုင်ကြိုင်စမ်း၊ ဦးတင်ဌေး | ပုသိမ် | အမှတ်(၆) | ၁၁၀/ရွှေဘိုတပ်တောင် | ၆၂ | ၀.၀၅၅ | အမည်ပြောင်း |
| ၂ | ဒေါ်ကြိုင်ကြိုင်စမ်း၊ ဦးတင်ဌေး | ပုသိမ် | အမှတ်(၆) | ၁၁၀/ရွှေဘိုတပ်တောင် | ၆၁ | ၀.၀၅၅ | အမည်ပြောင်း |
| ၃ | ဦးဝင်းနောင် | ပုသိမ် | အမှတ်(၁၃) | ၅၂/ရွှေဝတ်မှုံ | ၅၂-ခ | ၀.၀၉၃ | အမည်ပြောင်း |
| ၄ | ဒေါ်စုနန္ဒာသွင် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | ၃၅ | ၀.၀၅၅ | အမည်ပြောင်း |
| ၅ | ဒေါ်အေးငြိမ်းသွင် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | ၃၆ | ၀.၀၅၅ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင်လာရောက် ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ **ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/94248, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြကြည် ၁၄/ပသန(နိုင်)၀၅၉၅၀၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၆၀၆၁၈, Honda Click-125,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်လတ် ၆/ထဝန(နိုင်)၁၆၄၃၀၂ က (ကမ-၃) ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)နေ ဒေါ်သန္တာဖြိုးအောင် ၅/မမန(နိုင်) ၀၉၂၄၀၆၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် လူမှုကွန်ရက်ပေါ်တွင် Thanda Min Naing အမည်ဖြင့် Facebook Account ဖွင့်လှစ်အသုံးပြုပြီး Tarot ရှေ့ဖြစ်ဟော ဆရာမ တစ်ဦးဖြစ်ပြီး ညို့၊ ပီယလာဘ အစီအရင်ပစ္စည်းများ ရောင်းချသူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေ အသုံးပြုလျက်ရှိသော Thanda Min Naing accountတွင် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ ဂုဏ်သိက္ခာကျဆင်းစေသော စာသားများ၊ ရေးသားဖော်ပြခြင်း၊ အများသူငှာထင်ယောင်ထင်မှားဖြစ်စေသည့် ကိစ္စရပ်များ ပြုမူပြောဆိုခြင်း၊ ကျွန်ုပ်မိတ်ဆွေတင်ထားသော ဓာတ်ပုံများအားကူးယူပြီး မိမိတို့၏ လူမှုကွန်ရက် Account များတွင် မဟုတ်မမှန် Post တင်ခြင်းဖြင့် အလွဲသုံးစားမပြုလုပ်ကြပါရန်နှင့် Messengerမှတစ်ဆင့် အခြားသူများသို့ ကျွန်ုပ် မိတ်ဆွေ၏ ဂုဏ်သိက္ခာ ကျဆင်းအောင် မဟုတ်မမှန်ပြောဆိုရေးသားခြင်း၊ သတင်းအဖြစ် ဖြန့်ဖြူးပေးပို့ဆင့်ပွားခြင်းများ မပြုလုပ်ပါရန် လေးနက်စွာဖြင့် အသိပေးအပ်ပါသည်။

ထိုသို့အများသိစေရန် ကြေညာထားသည့် ကိစ္စရပ်များကို ပြုလုပ်နေသူမည်သူမဆို တွေ့ရှိပါက ယခုကြေညာပါသည့်ရက်မှစ၍ သက်ဆိုင်ရာ ဥပဒေကြောင်းများအရ တရားစွဲဆိုအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သန္တာဖြိုးအောင်**
**၅/မမန(နိုင်) ၀၉၂၄၀၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး (၂)၊ မြေတိုင်း (၃)၊ ဦးပိုင်အမှတ် (၃၄၁)၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်အဝန်းရှိ မြေကွက်ကို ဦးပန်းလှိုင် အမည်ဖြင့် ပဲခူးခရိုင်မြို့မြေမှုအမှတ်-၁၂၉/ငါး/၉၁-၉၂အရ မြေငှားဂရန်ရရှိထားပြီး မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်တာဝန်ခံမိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်အထောက်အထားများဖြင့် (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမြတ်ပြည့် ၁၂/မရက(နိုင်)၁၆၂၃၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၅၊ မြေကွက်အမှတ် ၂၅/ခ၊ မြေကွက် တည်နေရာ အမှတ် ၂၅/ခ၊ တိုးချဲ့ ၂လမ်း၊ (၁၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်လုံး S/OKS-081433 အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဒေါ်လုံး(မိခင်)နှင့် ဦးအေး(ဖခင်)တို့ကွယ်လွန်ပြီး မွေးဖွားသော သားသမီး(၂)ဦးတွင် သားတစ်ဦးဖြစ်သူ ဦးမြအေးသည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်သမီးဖြစ်သူ ဒေါ်လှရီ ၁၂/ဥကတ(နိုင်)၀၇၆၃၆၆မှ တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၈၅၄/၂၀၂၃ (၂၅-၇-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊ နိုင်ကတ်၊ သေစာရင်း၊ တိုင်းကျန်းဦးစီးဌာန၏ အကြောင်းပြန်ကြားစာ၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ ၎င်း၏ GPရရှိသူ ဦးကျော်သူ ၁၁/စတန(နိုင်)၀၀၅၂၁၁ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါကျမ်းကျိန်လွှာတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာမှုစိစစ်ရာ မြေစာရင်းမှတ်ချက်(၁)တွင် ၂၀၁၅ ခုနှစ် ပိုင်ဆိုင်မြေပုံထုတ်ယူခဲ့ပြီး ယင်း ၂၀၁၅ ခုနှစ် ပိုင်ဆိုင်မြေပုံမူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် ပိုင်ဆိုင်စာချုပ်လည်းချုပ်ဆိုခဲ့ခြင်းမရှိကြောင်း ဒေါ်လုံးအမည်ပေါက် ပိုင်ဆိုင်ထားသော မြေငှားဂရန်စာချုပ်နှင့် ပတ်သက်သော ပိုင်ဆိုင်မှုမြေပုံမှာ အမှန်တကယ်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၂၈၄/၂၀၂၄(၁၄-၃-၂၀၂၄)တို့တင်ပြ၍ ယခုGPရရှိထားသူ ဦးကျော်သူမှ ထပ်မံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းမြေပုံကူး လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအောင်သူနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အင်ကြင်းကွင်းကျေးရွာ၊ စာဘူးတောင်းအုပ်စုနေ ဒေါ်ခင်သန်းစိုး ၁၂/လကန(နိုင်)၁၈၃၅၀၃ နှင့် ဦးအောင်သူ ၁၂/ဥကမ(နိုင်) ၁၉၆၅၉၁ တို့သည် (၁-၄-၂၀၂၄)ရက်စွဲဖြင့် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ဖြင့် အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုးကွာရှင်းခဲ့ပြီးဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ခြင်း မရှိတော့သည့်အပြင် မည်သည့်နှောင့်ယှက်မှုမျိုးကိုမျှ ပြုလုပ်ခွင့်မရှိကြောင်း ဦးအောင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သန်းစိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မဋ္ဌူကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၆၇)**
**(အ/၃၁)၊ ကမ်းနားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့၊**
**ဖုန်း-၀၉-၄၂၁၀၉၃၁၆၃**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/17946, Honda PCX 150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးသူ ၁၄/ပသန(နိုင်)၂၃၉၀၀၅မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/86671, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဖြူဖြူ ၁၄/ဟသတ(နိုင်) ၂၁၅၈၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၄၃-ခ)၊ တံတားကြီးတန်း၊ ဦးပိုင်အမှတ်(၁၃၅-ဒ)၊ ဧရိယာ(၀.၀၂၀)ဧကသည် မူလက ဦးအေးသန်း၊ ဒေါ်ရွှေပုအမည်ဖြင့် မြေငှားဂရန်အား ဒေါ်သွယ်သွယ်အေး အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းချထားပေးပါရန် လျှောက်ထားချက်နှင့်ပက်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်နေ့ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပုသိမ်မြို့နယ်**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)၌ ( အလျား ၈၀'၊ x အနံ ၈၀'၊ x အမြင့် ၁၈'၊ ) သိုလှောင်ရုံ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ အထက်မြန်မာပြည်အစိုးရပုံနှိပ် စက်ရုံ(မန္တလေး)၌ (အလျား ၈၀'၊ x အနံ ၈၀'၊ x အမြင့် ၁၈') သိုလှောင်ရုံ(၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအပ်နှံလိုပါ၍ ပြည်တွင်း ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါများ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ပုံစံများကို ၆ - ၅ - ၂၀၂၄ ရက်မှ ၂၀ - ၅ - ၂၀၂၄ ရက်အထိ **နေ့စဉ်နံနက် (၀၉:၃၀)နာရီမှ ညနေ (၁၆ : ၀၀)နာရီ ရုံးဖွင့်ရက်အတွင်း** အောက်ပါလိပ်စာတွင် တစ်စောင်လျှင် (၄၀,၀၀၀/-)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင် မိတ္တူတင်ပြရမည်။

၃။ ဈေးနှုန်းအဆိုပြုလွှာမပါသော နည်းပညာဆိုင်ရာ အဆိုပြုလွှာများကို ၂၁ - ၅ - ၂၀၂၄ ရက်မှ ၂၇ - ၅ - ၂၀၂၄ ရက်အထိ နံနက် (၀၉:၃၀)နာရီမှ ညနေ (၁၆: ၀၀) နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ ရုံးအမှတ်(၇) နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်သည်။

**သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။**

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၆၇ - ၃၄၁၂၂၀၃ , ၄၁၂၂၀၅ သို့ ရုံးအချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပြည်တွင်း/ ပြည်ပ ပစ္စည်းများ |
| ပြန်ကြားရေးဝန်ကြီးဌာန | ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး |
| ရုံးအမှတ် (၇) စီမံရေးရာဌာနခွဲ ၊ | ကော်မတီ |
| နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း - ၀၆၇ - ၃၄၁၂၂၀၃ , ၄၁၂၂၀၅ | ရုံးအမှတ် (၇) နေပြည်တော် |
| | ဖုန်း - ၀၆၇ - ၃၄၁၂၂၀၃ |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ မြေကွက်အမှတ်(၄၃၇)၊ မြေကွက်တည်နေရာအမှတ်(၄၃၇)၊ ကုန်းဘောင်လမ်း၊ (၁၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးတင်အောင်(Bx-၀၁၃၅၅၀)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဒေါ်ဖေလန် ၅/ခတန(ပြု) ၀၀၀၀၀၁မှ ပါမစ်မူရင်း(ဓာတ်ပုံမှတ်တမ်း၊ ရွှေ့ပြောင်းသူများ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်စာရွက်တို့ တင်ပြထား)(မှီခိုသူများ စာရင်းစာရွက်မပါ)အရပ်စာချုပ်အဆက်အစပ်များ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် ၁ထပ်တိုက်တစ်လုံးရှိပြီး လျှောက်ထားသူ၏ သားဖြစ်သူ နေထိုင်ပါသည်။ ကွင်းဆင်းစစ်ဆေးသည်ကို သိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ဖေလန်မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ (Star City) အိမ်ရာအတွင်းရှိ တိုက်အမှတ် A3၊ အခန်းအမှတ်-213 ၊ (Type B) 2 Floors ၊ ဧရိယာ(၉၀၅ စတုရန်းပေ) အကျယ်အဝန်းရှိသော ကွန်ဒိုတိုက်ခန်းနှင့် ယင်းကွန်ဒိုတိုက်ခန်းနှင့် စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ **ဒေါ်အိဝေဇင်အောင်(၁၄/ဖပန(နိုင်)၁၄၉၁၇၀)**ထံမှ ကျွန်ုပ်၏မိတ်ဆွေများ ဖြစ်ကြသည့် **ဦးကျော်သီဟ(၇/ညလပ(နိုင်)၁၂၄၄၄၇)**နှင့် ၎င်း၏ဇနီး **ဒေါ်မေရည်မွန်(၁၀/ပမန(နိုင်)၁၆၅၂၉၅)**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်သီဟ နှင့် ဒေါ်မေရည်မွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်အေးဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ်(၇၃၇/ခ)၊မြေညီထပ်၊ မာဃလမ်းမ၊**
**(၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၆၇၆၄၈၉၈**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/6772 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများတွင် အသုံးပြုရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာ ရေးနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | ပစ္စည်းအရေအတွက် |
|---|---|---|
| (က) | ကွန်ပျူတာပရင်တာနှင့် ဆက်စပ်ပစ္စည်းများ | ၁၂၅၀ ခု |
| (ခ) | မီးစက်နှင့် ဆက်စပ်ပစ္စည်းများ | ၅၀ ခု |
| (ဂ) | Video Camera၊ CCTV နှင့် ဆက်စပ်ပစ္စည်းများ | ၁၀၄ ခု |
| (ဃ) | လေအေးစက်နှင့် ဆက်စပ်ပစ္စည်းများ | ၇၁ခု |
| (င) | ဘဏ်လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ | ၁၁၀ ခု |
| (စ) | လုပ်ငန်းသုံးအခြားပစ္စည်းများ | ၁၄၉ ခု |
| (ဆ) | ရုံးသုံးစက်ကိရိယာများ | ၁၁၅၀ ခု |
| (ဇ) | ရုံးသုံးပရိဘောဂများ | ၈၆၆ ခု |

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၄-၄-၂၀၂၄ရက်မှ ၃၀-၄-၂၀၂၄ရက် အထိ (ရုံးချိန်အတွင်း)

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/အချိန်** - ၃၀-၄-၂၀၂၄ရက် (၁၆:၀၀)နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့်နေရာနှင့် တင်သွင်းရမည့်နေရာ** - စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး (ရုံးအမှတ်-၂၆) နေပြည်တော်။

၅။ **တင်ဒါဖွင့်လှစ်မည့်နေ့ရက်/အချိန်**- ဆက်သွယ်အကြောင်းကြားပါမည်။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းနံပါတ် ၀၆၇-၃၄၁၀၁၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးလုပ်ငန်းများအတွက် တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

